# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၂၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၆.၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၇) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၈) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၆ ရက်၊

(၉) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၁၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၁) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၁၂) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၁၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၆) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၁၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဌွေး ခွင့် ၁ ရက်၊

(၁၉) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၂၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၁) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ၁ ရက်၊

(၂၃) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်နှင့်

(၂၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၄ ဦး၊ ယနေ့

ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**စစ်တွေလေဆိပ်အား အဆောက်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရန်၊ ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုတိုးတက်ကောင်းမွန်အောင် စီစဉ်ပေးရန်နှင့် ခရီးသည်တစ်ဦးလျှင် တစ်ထောင်ကျပ်စီ ကောက်ခံသောဝန်ဆောင်ခသည် တစ်လလျှင် ဝင်ငွေမည်မျှရရှိပြီး မည်သည့်နေရာများတွင် အသုံးပြုသည်ကိုသိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ဟာ ခရီးသွားပြည်သူများ လေကြောင်းကို အဓိကအားကိုးပြီးသွားလာရတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ စစ်တွေမြို့ လေဆိပ်ဟာ လေယာဉ်အတက်အဆင်းများပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲ့တဲ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူနဲ့ စစ်ဘက်၊ အရပ်ဘက်ဝန်ထမ်းများ၊ နိုင်ငံခြားမှ ဘုရားဖူးလာရောက်သူများ၊ ရန်ကုန်မြို့နဲ့ ဆက်သွယ်ရန် အဓိကမှီခိုအားထားရတဲ့ လေဆိပ်တစ်ခုလည်း ဖြစ်ပါတယ်။ ယခင်က ဆောက်လုပ်ခဲ့တဲ့လေဆိပ်ခန်းမဟာ လေယာဉ်ခရီးသည် များပြားလာတဲ့ ယနေ့ကာလနှင့်ကိုက်ညီမှုမရှိတော့ဘဲ ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ခန်းမတစ်ခုတည်း၌ အစိုးရလေကြောင်းလိုင်းအပြင် ပုဂ္ဂလိကလေကြောင်းလိုင်း

များ၏ ခရီးသည်လက်ခံရာကောင်တာများမှာ ကြပ်ကြပ်တည်းတည်းနေရာယူထားကြပါတယ်။ ၎င်းခန်းမထဲမှာပင် လုံခြုံရေးစစ်ဆေးသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပုံရိပ်ဖော်စစ်ဆေးရေး စက်တစ်ခုကနေရာယူထားပါတယ်။ လေယာဉ်စီးခရီးသည်နှင့် လိုက်ပါပို့ဆောင်သူများ၊ စောင့်ဆိုင်းနား နေရန် ထိုင်ခုံများလုံလောက်စွာမရှိတဲ့အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသဘောပီပြင်မှုမရှိပါဘူး ရှင်။ နိုင်ငံခြားသားများ(Tourist)များပါ ဝင်/ထွက်သွားလာ အသုံးပြုနေရတဲ့လေဆိပ်တစ်ခုလည်း ဖြစ်ပါတယ်။ ယခုကဲ့သို့ အခန်းကျဉ်းမြောင်းမှုသည် ခရီးသွားပြည်သူများ၏ လုံခြုံရေးအတွက်လည်း အခက်အခဲကိုဖြစ်စေပါတယ်။ လေဆိပ်ခန်းမများတွင် Air Con များ တပ်ဆင်ထားပါသော်လည်း Air Con များကို အသုံးပြုခြင်းမရှိဘဲ တစ်ခါတရံမှသာ ဖွင့်ပေးခြင်းများပြုလုပ်သာကိုလည်း ကြုံတွေ့ခဲ့ရပါ တယ်။ လေယာဉ်ဖြင့် လိုက်ပါသွားမည့်ခရီးသည်များ နားနေဆောင်ခန်းမှာလည်း Air Con များကို ဖွင့်ပေးထားခြင်းမရှိ၍ နွေရာသီတွင် အခန်းတွင်း၌ ပူအိုက်လှောင်ပိတ်မှုများ ရှိလာပါတယ်။ ကျား/မ အိမ်သာများ ရေအလုံအလောက်မရှိခြင်း၊ သန့်ရှင်းရေးများ ပြုလုပ်မှုအားနည်းခြင်းများကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ သောက်သုံးရေ စီစဉ်ပေးထားခြင်းများ လည်းမရှိ၊ ပြင်ပဈေးဆိုင်များနဲ့လည်း အလှမ်းဝေးကွာလွန်းသဖြင့် သောက်ရေပင် အခက်တွေ့နေရပါ တယ်။ ခရီးသည်တစ်ဦးလျှင် ဝန်ဆောင်ခတစ်ထောင်ကျပ်ကိုလည်း ကောက်ခံပါတယ်။ သို့သော် မည်သည့်အတွက်၊ မည်သို့ဝန်ဆောင်မှုပေးရသည်ကို မသိပါ။

သို့ဖြစ်ပါ၍ ဖော်ပြပါစစ်တွေလေဆိပ်၌ ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်စေရန် အတွက် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ စစ်တွေလေဆိပ်အား ပြည်နယ်မြို့တော်အင်္ဂါရပ်နှင့်အညီ အဆောင်သစ်များ တိုးချဲ့တည်ဆောက်ပေး ရန်အစီအစဉ်ရှိ/မရှိ၊ ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုတိုးတက်ကောင်းမွန်အောင် စီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ခရီးသည်တစ်ဦးလျှင် တစ်ထောင်ကျပ်စီကောက်ခံသော ဝန်ဆောင်ခသည် တစ်လလျှင်ပျမ်းမျှဝင်ငွေ မည်မျှရရှိပါသနည်း။ ၎င်းဝင်ငွေအား မည်သည့်နေရာ များတွင် အသုံးပြုပါသနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ ပြည်သူ့လွှတ်တော်သို့ တင်ပြထားတဲ့ စစ်တွေလေဆိပ်နှင့်ပတ်သက်တဲ့မေးခွန်းကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်တွေလေဆိပ်မှာ လက်ရှိအဆောက်အဦဟာ (ပေ ၂၂၀ x ပေ ၆၀) ရှိပြီးတော့ အခန်းဖွဲ့စည်းပုံမှာ ခရီးသည် စစ်ဆေးသည့်နေရာ (ပေ ၆၀ x ပေ ၃၀)၊ ထွက်ခွာခန်းမ (ပေ ၉၀ x ပေ ၃၀) နှင့် ဆိုက်ရောက်ခန်းမ (ပေ ၄၀ x ပေ ၅၀)၊ အရေးကြီးပုဂ္ဂိုလ်နားနေဆောင် (ပေ ၄၀ x ပေ၅၀) နှင့် လေးကြောင်းထိန်းမျှော်စင် (၂၀ ပေ x ၂၀ ပေ) တို့ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ လက်ရှိအရေးကြီးပုဂ္ဂိုလ်ခန်းမကို ပြည်နယ်အဆင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ အသုံးပြုရန်ထားရှိပါတယ်။ ကျွန်တော်တို့ ယခုဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ အသုံးပြုရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ INGO အဖွဲ့များမှပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများနှင့်ဆက်စပ်တဲ့ ဆွေးနွေးရှင်းလင်းမှုများ ဆောင်ရွက်ရန်အတွက်လည်းကောင်း အရေးကြီးပုဂ္ဂိုလ်နားနေဆောင်အသစ် (ပေ ၁၀၀ x ပေ ၆၀) ကို ရန်ပုံငွေ ကျပ်သန်း ၃၆၀ ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကနေ စတင်တည်ဆောက်ပေးလျက်ရှိရာ အခု ၂၀၁၅ ခုနှစ် ဧပြီလမှာ ပြီးစီးမှာဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လေဆိပ်အဆောက်အဦ (၁၈၀ ပေ x ပေ ၆၀) တစ်ထပ် သံကူကွန်ကရစ်အသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် ရန်ပုံငွေ ကျပ်သန်း ၁၅၀ လျာထားထည့်သွင်းတင်ပြထားပြီးတော့ ခွင့်ပြုချက်ရရှိမယ်ဆိုရင် လေဆိပ်အဆောက်အဦသစ် တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုတိုးတက်ကောင်းမွန်စေရန်အတွက် လေဆိပ်အဆောက်အဦသစ်တည်ဆောက်ပြီးလို့ရှိလျှင် အဝင်ခရီးသည်၊ အထွက်ခရီးသည်တို့ကို သီးခြားစီ ထားရှိပေးသွားမှာဖြစ်ပါတယ်။ လေကြောင်းလိုင်းများအား စနစ်တကျစီစဉ် ထားရှိပေးသွားမှာလည်းဖြစ်ပါတယ်။ သန့်စင်ခန်းများကို အဆောက်အဦသစ်တည်ဆောက်ခြင်းနှင့်အတူ တိုးချဲ့ထည့်သွင်းတည်ဆောက်ပေးပြီးတော့ သန့်ရှင်းသပ်ရပ်ကောင်းမွန်အောင်လည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊

**မူကြမ်း**

စစ်တွေလေဆိပ်မှာ ခရီးသည်တစ်ဦးကို ဝန်ဆောင်ခ ကျပ် ၁၀၀၀ နှုန်း ကောက်ခံမှုအတွက် တစ်လကို ပျမ်းမျှဝင်ငွေကျပ် ၃၉ သိန်း(သုံးသန်းကိုးသိန်း)ခန့် ရရှိပြီးတော့ ဒီဝင်ငွေကို ကျွန်တော်တို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေတစ်ဆင့် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေရငွေစာရင်းသို့ အပ်နှံပေးသွင်းရပါတယ်။ စစ်တွေလေဆိပ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ ပို့ဆောင်ရေးဝန်ကြီးဌာနကတစ်ဆင့် နိုင်ငံတော်အစိုးရထံ ရန်ပုံငွေတင်ပြတောင်းခံပြီးတဲ့နောက် ခွင့်ပြုချက်ရရှိတဲ့ရန်ပုံငွေကိုသာ သုံးစွဲခြင်းစနစ်နဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းလေးမေးချင်ပါတယ်။ အရင်တုန်းက ကျွန်မတို့ ဒီ လွှတ်တော် စခါစတုန်းကဆိုလို့ရှိရင် တစ်ယောက်ကို လေယာဉ်စရိတ်ဟာ ၅၈၀၀၀ ပဲရှိပါတယ်။ နောက် ၂၀၁၂၊ ၂၀၁၃ လောက်မှာဆိုလို့ရှိရင် ၆၄၀၀၀ အထိရှိသွားပါတယ်။ နောက် အခုဆိုလို့ရှိရင် သုံးမျိုးတွေ့ရပါတယ်။ ၉၁၀၀၀ တစ်ခု၊ ၈၁၀၀၀ တစ်ခု၊ ၇၁၀၀၀ တစ်ခု ဖြစ်နေပါတယ်။ အခုဝန်ထမ်းများကို လစာတိုးပေးမယ်ဆိုလို့ရှိရင် ကုန်ဈေးနှုန်းများကို ထိန်းချုပ်ရန် ခက်ခဲတယ်လို့လည်း ခဏခဏသုံးသပ်ပြီးတော့ ပြောကြပါတယ်။ ဒီလစာတိုးပေးခြင်းနဲ့လည်း အခုအချိန်မှာမရှိသေးပါဘူး။ နောက်တစ်ခါ စက်သုံးဆီတွေလည်း တော်တော်ဈေးကျနေတာကိုလည်း သိနေရပါတယ်။ ဒါကြောင့် လေယာဉ်နှုန်းထား ဘာကြောင့် ဈေးတက်ရပါသလဲသိချင်ပါတယ်။ နောက် ကျွန်မတို့မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတက်လို့ရှိရင် ပြန်ကျဖို့ဆိုတာလည်း တော်တော်မလွယ်ကူတဲ့ အခက်အခဲတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့် ခရီးသွားပြည်သူများသက်သာစေရန် လေယာဉ်လက်မှတ်နှုန်းထားကို လျှော့ပေးရန် အစီအစဉ်ရှိ/မရှိကို မေးချင်ပါတယ်။

နောက်မေးခွန်းတစ်ခုအနေနဲ့ ကျွန်မတို့ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နဲ့ ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်တက်ရန် နေပြည်တော်ကို လာရောက်ရပါတယ်။ အရင်တုန်းကကျတော့ နေပြည်တော်ကို တိုက်ရိုက်ပို့ဆောင်ပေးတဲ့အတွက် အခက်အခဲတွေကကျော်လွှားပြီးတော့ ကောင်းကောင်းမွန်မွန်ရောက်ပါတယ်။ အခုဆိုရင် ဒီ ရခိုင်ပြည်နယ်ရော၊ ချင်းပြည်နယ်ရော အသက်ကြီးတဲ့လွှတ်တော်ကိုယ်စားလှယ်တွေ ပါပါတယ်။ အခု တိုက်ရိုက်မပျံသန်းတဲ့အခါကျတော့ ရန်ကုန်ကတစ်ဆင့်လာရတာ တော်တော်အခက်အခဲရှိပါတယ်။ အဲ့ဒီအတွက်ကြောင့် နောက်

လွှတ်တော်စချိန်ရော၊ လွှတ်တော်ပြန်ချိန်မှာရော လွှတ်တော်ကိုယ်စားလှယ်များကို ပြန်ပြီးတော့ တိုက်ရိုက်ပျံ့သန်းခွင့်ပါ။ သူတို့ကို ဒီလိုအခက်အခဲများကို ပြေလည်စေရန်အတွက် အစည်းအဝေး တက်ရောက်တဲ့အချိန်မှာ တိုက်ရိုက်ပို့ဆောင်နိုင်ခြင်းရှိ/မရှိမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလေယာဉ်လက်မှတ်ခနဲ့ပတ်သက်လို့ကတော့ လေယာဉ်လက်မှတ်သည် သူရဲ့တန်ဖိုး၊ ဆီဖိုး၊ အခုနက ဝန်ဆောင်စရိတ်၊ ကျန်တဲ့ကုန်ကျစရိတ်တွေ တွက်ချက်ပြီးတော့ သတ်မှတ်ထားရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါသည် အခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပြောသွားသလိုပဲ ဆီဈေးနှုန်း အခုကျတဲ့အခါမှာ ဒါပေမယ့် ကျွန်တော်တို့က ဒါတွေသည်၊ တချို့ဟာတွေသည် နှစ်နဲ့ချီပြီး တော့ ဝယ်ထားရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ချက်ချင်းကြီး ချက်ချင်းကြီးတော့ ပြောင်းပေးနိုင်ခြင်း မရှိပါဘူး။ ဒါပေမယ့် ဒါလည်း ကျွန်တော်တို့ ပြန်လည်စဉ်းစားဖို့ ဆောင်ရွက်ပေးပါ့မယ်။ နောက်တစ်ခု ကတော့ လေကြောင်း ဒီအရင်က ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးများ ကျင်းပတဲ့အချိန်မှာ စစ်တွေကနေ နေပြည်တော်၊ ပြီးတဲ့အချိန်မှာ နေပြည်တော်ကနေ စစ်တွေ ဒီလိုသွားရောက်နိုင်ဖို့အတွက် ကိုစီစဉ်ပေးခဲ့တာရှိပါတယ်။ သို့သော်လည်း ယခုအခါ မြန်မာ့လေကြောင်းက မြန်မာအမျိုးသား လေကြောင်းအမည်နဲ့ ပြောင်းလဲပြီးတော့ ကျွန်တော်တို့ နိုင်ငံတကာဈေးကွက်မှာ ဝင်ပြီးတော့ ဆောင် ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တချို့ခရီးစဉ်တွေသည် ကျွန်တော်တို့က ခရီးလမ်းကြောင်း သတ်မှတ်ပြီးတော့ Online နဲ့ လက်မှတ်ရောင်းထားတဲ့အတွက်ကြောင့်မို့လို့ လက်ရှိအချိန်မှာတော့ ဒီဟာသည် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

**သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်ဆည် ၆ ခုနှင့်ပတ်သက်၍ ဗျူဟာမြောက် EIA ကို လုပ်ဆောင်ရန် နှင့် ၎င်းဆည်များဆောက်လုပ်ရာတွင် IWRM ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနည်းစနစ်ကို အသုံးပြု ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သံလွင်မြစ်ဟာ ကမ္ဘာ့အရှည်ဆုံးမြစ်များထဲမှာ နံပါတ်(၂၆)ဖြစ်ပါတယ်။ ကီလိုမီတာအားဖြင့် ၂၈၂၀ ရှည်လျားပါတယ်။ ဘူမိဗေဒအန္တရာယ်အရ မြေပြိုနိုင်မှုဖြစ်နိုင်ခြေနေရာ

ပေါင်း ၆၅၇ ခုရှိတယ်လို့ ပညာရှင်များရဲ့ တွက်ချက်မှုအရသိရပါတယ်။ ထို့ပြင် သံလွင်မြစ်ဝှမ်း ဒေသကြီးတစ်ခုလုံးဟာလည်း ငလျင်ကြီးတွေလှုပ်နိုင်တဲ့ ကျောက်ကြမ်းပြတ်ရွေ့ကြောကြီးပေါ်မှာ တည်ရှိတယ်လို့ မြန်မာနိုင်ငံငလျင်ပညာရှင်ကြီးများနှင့် တရုတ်နိုင်ငံငလျင်ပညာရှင်များကပါဆိုကြ ပါတယ်။ ဒီလိုအန္တရာယ်ကြီးလှတဲ့မြစ်ကြီးပေါ်မှာ အထက်မြစ်ညာ တိဘက်ကုန်းပြင်မြင့် မြစ်ကမ်း ဘက်က ဆည်ပေါင်း ၂၀ ကျော်၊ တရုတ်ပြည် ယူနန်ပြည်နယ်ထဲမှာ ဆည် ၁၃ ခုနှင့် မြန်မာနိုင်ငံ ဘက်ကတော့ ဆည်ခြောက်ခုဆောက်မယ်လို့သိရပါတယ်။ ရှမ်းပြည်နယ်ထဲမှာ ကွမ်းလုံ၊ နောင်ဖ၊ မာန်တောင်းနှင့်မိုင်းတုံဆည် လေးခု၊ ကရင်ပြည်နယ်ထဲမှာဆိုရင် ဟတ်ကြီးဆည်နှင့် ကယားပြည်နယ် ထဲမှာဆိုရင် ရွာသစ်ဆည်တို့ပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ သံလွင်မြစ်ရေကို ယံစီမြစ်အတွင်း လွှဲယူမည့်စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်နေကြောင်းနှင့် မြန်မာနိုင်ငံဘက်ကလည်း ထိုင်းနိုင်ငံ ဘူမိဘွားဆည်ကို ရေဖြည့်ပေးရန်အတွက် သံလွင်မြစ်ကရေကို ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း တစ်ဆင့် ပေးပို့မယ်လို့ကြားသိရပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် ရေစီးနှုန်း တစ်စက္ကန့် ကုဗမီတာ ၃၀၀၀ နှုန်းအရှိန်နဲ့ သံလွင်မြစ်ရေကို ထိုင်းနိုင်ငံထဲကို ပို့လွှတ်မယ်လို့ဆိုပါတယ်။ စက်တပ် ဆင်အား မဂ္ဂါဝပ် ၇၀၀၀ ခန့်ရှိတဲ့ အထက်သံလွင် မိုင်းတုံစီမံကိန်းနဲ့ မဂ္ဂါဝပ် ၁၂၀၀ ရှိတဲ့ နောင်ဖ စီမံကိန်းတို့လို စီမံကိန်းကြီးများနဲ့ အထက်မြစ်ညာမှာ ဆောက်လုပ်မယ့် တာတမံပေါင်း ၃၃ ခုတို့ဟာ သံလွင်မြစ်ပေါ်မှာရှိနေတဲ့အတွက် ပမာဏများစွာသော ရေတွေဟာ မြစ်အောက်က ပြတ်ရွေ့ကြောင်း ပေါ်မှာ ပြင်းထန်လွန်းတဲ့ဖိအားကိုဖြစ်ပေါ်စေပြီး အက်ကြောင်းများ ဖြစ်နိုင်ခြေတိုးလာပြီး ငလျင်ကို ဖြစ်ပေါ်စေနိုင်တယ်လို့ ပညာရှင်များကသုံးသပ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာ ရစ်ချက်စတာစကေး ၈ ပမာဏရှိတဲ့ငလျင်ကြောင့် လူပေါင်းရှစ်သောင်းကျော် သေဆုံးခဲ့ရပါတယ်။ ဇီပင်ဖုဆည်ရဲ့ ရေသိုလှောင်မှုဧရိယာကြောင့် ဧရိယာရဲ့ပြင်းထန်တဲ့ ဖိအားကြောင့်ဖြစ်ပေါ်စေခဲ့တယ် ဆိုတာကိုသိရပါတယ်။

အကယ်၍ သံလွင်မြစ်ပေါ်မှာရှိတဲ့ ဒီဆည်တွေထဲကဆည်တစ်ခုခုသာ သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် ဒါမှမဟုတ် အခြားအကြောင်းကြောင်းကြောင့် ကျိုးပေါက်ပျက်စီးပြိုကျခဲ့မယ်ဆိုရင် ဆည်အောက်ပိုင်းနဲ့ သံလွင်မြစ်ကမ်းတစ်လျှောက်မှာနေထိုင်တဲ့ သန်းချီတဲ့ တိုင်းရင်းသားမျိုးနွယ် များရဲ့ အသက်အိုးအိမ်၊ စည်းစိမ်၊ လယ်ယာမြေ၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တို့ဟာ ပျက်စီးဆုံးရှုံးရမှာပဲဖြစ်ပါတယ်။ စီမံကိန်းများရဲ့ အကျိုးရလဒ်ဟာ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် အစိုးရများမှာ ရရှိတယ်လို့ဆိုပေမယ့် ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုလည်း

ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းတွေဆောင်ရွက်တဲ့နေရာမှာ အဆင့်အတန်းမီပြီး အများလက်ခံနိုင်တဲ့ ဆိုင်ရာဝန်ကြီးဌာနက အတည်ပြုတဲ့ ESIA, SEAနဲ့ Feasibility Study Report (FSR) များပြုလုပ်ထားဖို့ရန် လိုပါတယ်။ ဒါ့အပြင် IWRM Integrated Water Research Management ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု နည်းစနစ်တွေရှိဖို့ရာလည်း လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ထားမှုတွေကိုလည်း ဒေသအသီးသီးမှာရှိတဲ့ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ချပြပြီး သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်ဆည် ၆ ခုနှင့်ပတ်သက်၍ ဗျူဟာမြောက် EIA ကို လုပ်ဆောင်ရန်နှင့် ၎င်းဆည်များဆောက်လုပ်ရာတွင် IWRM ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနည်းစနစ်ကို အသုံးပြုရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီသံလွင်မြစ်ဟာ မြန်မာပြည်မှာ လူတော်တော်များများ စိတ်ဝင်တစား ပြောနေကြတာရှိပါတယ်။ အဲ့ဒီထဲမှာ စာစောင်တွေ၊ မဂ္ဂဇင်းတွေထဲမှာလည်းပဲ ကိုယ့် Idea နဲ့ကိုယ် ရေးနေကြတာတွေ ကျွန်တော်တွေ့ပါတယ်။ သို့သော် အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ကြွရောက်နေတဲ့ အချိန်မှာ စုံစုံညီညီရှိနေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ အဖြစ်မှန်ကို Power Pointလေးနဲ့ ကျွန်တော့်ကိုတင်ပြခွင့်ပြုပါ။ မိနစ် ၂၀ လောက်တော့ ကျွန်တော့်ကို အချိန်ပေးပါ။ ဘာကြောင့် လဲဆိုတော့ သံလွင်မြစ်ကို တော်တော်များများက စိတ်ဝင်တစားနဲ့ ဆွေးနွေးနေကြတာကို ဒါမိနစ် ၂၀ လောက်နဲ့ ရသလောက် ဆွေးနွေးပေးပါမယ်။ ကျွန်တော်တို့ သံလွင်မြစ်ရဲ့ ရေဆင်းပိုင်ဆိုင်မှုကတော့ တရုတ်က ၅၃ ရာခိုင်နှုန်းရေဆင်းလာပြီး မြန်မာနိုင်ငံထဲမှာ ၄၂ ရာခိုင်နှုန်း ရေဆင်းပါတယ်။ ထိုင်းနိုင်ငံဘက်

ကနေပြီးတော့ ကျွန်တော်တို့ ၅ ရာခိုင်နှုန်း ရေစီးဆင်းပါတယ်။ ဒီသံလွင်မြစ်ကြီးကို ကြည့်ရင် အောက်ဘက်မြစ်ဝလောက်ကနေစပြီးတော့ ရွှေဂွန်းလောက်ထိ လှေ၊ သင်္ဘောတွေ သွားလာနိုင်ပြီးတော့ ကျန်တဲ့နေရာတွေမှာတော့ ရေစီးရေလာ ကြမ်းတမ်းတဲ့အတွက်ကြောင့်မို့လို့ သွားလာနိုင်ခြင်း မရှိပါဘူး။ ဒီအပေါ်မှာ ကျွန်တော်တို့ ပြောပြောနေကြပါတယ်။ စီမံကိန်းခြောက်ခု။ ခြောက်ခုနဲ့ ပြောနေပါတယ်။ မဟုတ်ပါဘူး။ စီမံကိန်း ငါးခုပဲ ဖြစ်ပါတယ်။ တစ်ခုက သူ့ထဲကို စီးဝင်တဲ့ မြစ်လက်တက်ကလေးတစ်ခုပေါ်မှာလုပ်တာကို ကျွန်တော်က စက်ရုံကိုတော့ ဥမင်လှိုင်တူးပြီးတော့ သံလွင်မြစ်ထဲကို ချထားတယ်။ ရေကို သံလွင်မြစ်ထဲကိုချပေးလိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါဟာ ငါးခုပဲလို့ ကျွန်တော်တင်ပြလိုပါတယ်။

အခုကျွန်တော်အပေါ်ဆုံးက စကြည့်လို့ရှိရင် ကျွန်တော်တို့ ကွမ်းလုံစီမံကိန်းဖြစ်ပါတယ်။ ၁၄၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ Joint Venture Agreement ထိုးပြီးဖြစ်ပါတယ်။ ဒုတိယကတော့ နောင်ဖဖြစ်ပါတယ်။ MOA ရေးထိုးထားတဲ့အဆင့်ပဲရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်မိုင်းတုံစီမံကိန်းဖြစ်ပါတယ်။ သူကတော့ ၇၀၀၀ မဂ္ဂါဝပ်ဆိုတာ သူတို့ရဲ့ Proposal ဖြစ်ပါတယ်။ ဒါကတော့ သူတို့ရဲ့ MOU Stage ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရွာသစ်စီမံကိန်းဖြစ်ပါတယ်။ ဒါ MOA Stage ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ အဆိုပြုချက် ၄၀၀၀ ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ဆွေးနွေးနေတာတွေ ဖြစ်ပါတယ်။ နောက် ဟတ်ကြီးစီမံကိန်း ၁၃၆၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ဒါ MOA Stage ပဲ ဖြစ်ပါတယ်။ စောစောတုန်းက တင်ပြတဲ့ထဲမှာပါတဲ့ JVA Stage ကလွဲလို့ လေးခုစလုံးဟာ ကျွန်တော်တို့ ဆုံးဖြတ်ချက်မပေးနိုင်ပါဘူး။ သူတို့ကို။ ကျွန်တော်တို့ပေးလို့လည်း မရသေးပါဘူး။ ကျွန်တော်တို့လေ့လာဆဲပဲရှိပါသေးတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သံလွင်မြစ်ကြီးတစ်ခုလုံးကို မပြောခင်မှာ လုပ်ထားတဲ့ JVA ရေးထိုးထားတဲ့ ကွမ်းလုံစီမံကိန်းကို အရင်တင်ပြမှ အောက်ကစီမံကိန်းလေးခုနဲ့ ဆက်စပ်သွားမယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ကွမ်းလုံစီမံကိန်းလေးကို အရင်တင်ပြပါရစေ။ စီမံကိန်းကို FSR ကျွန်တော်တို့ အတည်ပြုခဲ့ပြီး MOU ကို ၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှာရေးထိုးပါတယ်။ ဆောင်ရွက်တဲ့အဖွဲ့အစည်းကတော့ Energy Holding Group China နဲ့ AWC (Myanmar) ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ FSR ပြုစုတဲ့အဖွဲ့အစည်းကတော့ Kumming Hydropower Investigation and Research Institute (KHIDI) ကနေ ဆောင်ရွက်တာဖြစ်ပြီးတော့ တင်ပြတာနဲ့ FSR ဟာ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ တင်ပြတာဖြစ်ပါတယ်။ တင်ပြတဲ့အပေါ်မှာ ကျွန်တော်တို့ အကြိမ်ကြိမ်အပြန်အလှန် အကြိမ်ပေါင်းမြောက်များစွာ ဆွေးနွေးတဲ့

**မူကြမ်း**

အခါမှာ ၂ နှစ်နီးပါးကျွန်တော်ဆို့ ဆွေးနွေးလိုက်ရတဲ့အဆင့်ရောက်သွားပါတယ်။ အဲ့ဒီမှာ ပေါင်းလိုက်လို့ရှိရင် ဒီ FSR တစ်ခုအတည်ပြုဖို့အတွက် ကျွန်တော်တို့အောက်မှာတင်ပြထားတဲ့အတိုင်း (၄) နှစ်နှင့် (၂) လအထိ ကြာအောင်ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရထာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အောက်ကပုံလေးတွေကတော့ FSR ရဲ့ ကျွန်တော်တို့တင်ပြလာတဲ့ မှတ်တမ်းစာအုပ်များကို တင်ပြခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ FSR စိစစ်တဲ့နေရာမှာ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလို့ဆိုပေမယ့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်မှာရှိတဲ့ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနဆိုတာ ကျွန်တော်ဆို့ Civil က ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီးတော့ အောက်မှာအဖွဲ့အစည်းပေါင်းမြောက်များစွာနဲ့ ညွှန်ကြားရေးမှူးရုံးတွေနဲ့ဖွဲ့စည်း ထားတာဖြစ်ပါတယ်။ ဘူမိဗေဒဌာနခွဲရှိပါတယ်။ စူးစမ်းလေ့လာရေးဌာနခွဲရှိပါတယ်။ ဒီဇိုင်းနဲ့ပုံထုတ် ဌာနခွဲရှိပါတယ်။ စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေးဌာနခွဲရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ပညာရှင် တွေဖြစ်ပါတယ်။ ကျောင်းဆင်းပညာရှင်တွေနဲ့နိုင်ငံခြားဘွဲ့ရ ပညာရှင်တွေအများကြီး စုစည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့ပေါင်းပြီးတော့မှ ဂျပန်နိုင်ငံ(New JEC)အတိုင်ပင်ခံကုမ္ပဏီနဲ့ပေါင်း ပြီးတော့ ဒီ FSR ကို စိစစ်ခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီတော့ FSR စိစစ်တဲ့အခါမှာလည်းပဲ လိုက်နာရ မည့်စည်းမျဉ်းစည်းကမ်းတွေ၊ သူတို့လုပ်ဆောင်ရမည့်ဟာတွေကို ထည့်သွင်းပြီးတော့ ကျွန်တော်တို့ မှတ်ချက်ပြုပြီးမှ ဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အဲ့ဒါလေးကျွန်တော်တို့ FSR အတည်ပြုပြီးတဲ့အချိန်မှာ ESIA ကို ဆက်လက်ပြီးတော့ စိစစ်ရပါတယ်။ ESIA မှာ Land Acquisition and Resettlement ကိုပြုစုတဲ့ အဖွဲ့ကတော့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဖြစ်တဲ့ BANCA နဲ့ စောစောကတင်ပြခဲ့တဲ့ KHIDI တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ BANCA ဆိုတာဟာလည်း မြန်မာနိုင်ငံမှာ လုပ်ငန်းအများစုကို ဝင်ရောက်ပြီးတော့ ဆောင်ရွက်နေတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နာမည်ကြီးအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံကအဖွဲ့ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကာလကတော့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှာ တင်ပြသော်ငြားလည်းပဲ ဒါကိုအဆင့်ဆင့်စိစစ်လိုက်တဲ့အခါမှာ Revise ပြန်တင်ရတဲ့အဆင့်ရောက်သွားပြီးတော့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကျွန်တော်တို့ ဒီ Revise ကို ပြန်တင်ပြနိုင်ပါတယ်။ အချိန်သုံးနှစ်လောက်ယူပြီးတော့မှ ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က ဒါအတည်ပြုပြီးသွားတဲ့ ဒီ ESIA ကို Website

မှာတင်ထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲ့ဒီမှာ ESIA မှာပါနေတဲ့ အကြောင်းအရာထဲမှာ ရွာလေးခုပါပါတယ်။ ရွာလေးခုကတော့ အဓိကကတော့ ရေဝပ်ဧရိယာထဲကရွာက အဓိကမဟုတ်ပါဘူး။ တည်ဆောက်ရေးလုပ်ရတဲ့ ဧရိယာထဲက ရွာပဲအဓိက ဖြစ်ပါတယ်။ သူကလေးရွာ။ အဲ့ဒီထဲကမှ ကျွန်တော်တို့က သုံးရွာတည်းပဲပြောင်းဖို့ဆိုပြီးတော့ တစ်ရွာကိုမပြောင်းဖို့ ကျွန်တော်တို့ဖယ်ထုတ်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လေးရွာရဲ့ အကုန်ပေါင်းလိုက်ရင်တော့ နေအိမ်က ၆၄ လုံးနဲ့ လူဦးရေက ၄၁၈ ယောက်ပဲရှိပါတယ်။ ဒီကိစ္စအတွက်လည်း ကျွန်တော်တို့ ရန်ပုံငွေလုံလောက်စွာ ထည့်သွင်းပေးထားပြီး ဖြစ်ပါတယ်။ ဒီရေလှောင်ကန်တွေကိုပြန်ကြည့်လို့ရှိရင်လည်းပဲ ဒီသံလွင်မြစ်ကြီးဟာ အဲ့ဒီ ကွမ်းလုံနေရာရောက်သည့်ချိန်ထိအောင် နှစ်စဉ်ပျမ်းမျှစီးဝင်တဲ့ရေဟာ ကုဗမီတာသန်းပေါင်း ၅၉၉၀၀ လောက်ရှိပါတယ်။ ဒါပေမယ့် အဲ့ဒီတမံရဲ့ Capacity က ၆၅၄ ကုဗမီတာသန်းပဲ လှောင်ပါတယ်။ အဲ့ဒီတော့ တစ်နှစ်လုံးစီးဝင်ရေတစ်ရာခိုင်နှုန်းပဲ သူက ထိန်းနိုင်စွမ်းရှိပါတယ်။ အဲ့ဒီတော့ ကျန်တဲ့ဟာတွေဘယ်ရောက်သွားလဲဆိုတာ့ ကျန်တဲ့ဟာတွေ မောင်းထုတ်တယ်၊ ကျော်ကျတယ်၊ အောက်ကနုန်းထုတ်ပေါက်က ထုတ်ပစ်တယ်။ ဒါက သူ့နိုင်သလောက်ပဲ သူသိုလှောင်ထားတဲ့ သဘောလို့ ကျွန်တော်တင်ပြလိုပါတယ်။ အဲ့ဒီမှာ နွေရာသီဆိုရင်တော့ တစ်နှစ်လုံးစီးဝင်ရေရဲ့ ၀.၇၅ ရာခိုင်နှုန်းလောက်ပဲ သူဟာထိန်းထားပြီးတော့ ရေအားအမြင့်လေးတစ်ခုရရုံပဲ သူထိန်းထားတဲ့ သဘောလို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီအောက်မှာလည်းပဲ ကျွန်တော်တို့ နုန်းထုတ်ပေါက်တွေလုံလောက်အောင်ထည့်ပြီးတော့ တည်ဆောက်ထားတဲ့ဒီဇိုင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တင်ပြချင်တာတစ်ခုကတော့ ဘာလဲဆိုတော့ တမံအမြင့်အနေနဲ့ ရေသိုလှောင်နိုင်တဲ့ပမာဏတွေကို နည်းနည်းလေးရှင်းလင်းတင်ပြပါရစေ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ တမံမြင့်တယ်။ တမံမြင့်တယ်လို့ပြောနေကြတဲ့ဟာတွေကို ကျွန်တော်နှိုင်းမလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါအနီးစပ်ဆုံး စီမံကိန်း ၁၁ ခုဆောင်ရွက်ပြီးသား မောင်းနှင်နေတဲ့၊ သိုလှောင်နေတဲ့ လုပ်ငန်း ၁၁ ခု၊ တမံ ၁၁ ခုကို ကျွန်တော် တိုင်းတာဖြစ်ပါတယ်။ အဝါရောင်နဲ့ ပြထားတာ ကွမ်းလုံဖြစ်ပါတယ်။ အဲဒီကွမ်းလုံကိုကြည့်လို့ရှိရင် ဒီ ၁၁ ခုမှာ ကွမ်းလုံသည် တမံအမြင့်မှာ ၃၃၈၊ သူ့အထက်မှာ ၄၃၀ ပေ၊ နောက်တစ်ခါ ၄၃၃ ပေစသည်ဖြင့် တမံအမြင့်တွေရှိနေပါတယ်။ အဲ့ဒီ့မှာ ကျွန်တော်တို့ ၃၀၀ ကျော်တမံ သုံးခုတွေ့မှာဖြစ်ပါတယ်။ သောက်ရေခတ်ရယ်၊ အထက်ပေါင်းလောင်းရယ်၊ ကွမ်းလုံရယ် တွေ့မှာဖြစ်ပါတယ်။ ကျန်တာတွေကတော့ ၂၅၀ နှင့် ၂၄၀ ပတ်ဝန်းကျင်နဲ့ ၂၀၀ ပတ်ဝန်းကျင်ပဲ ရှိကြပါတယ်။ ဒါ တမံအမြင့် နှိုင်းယှဉ်တာဖြစ်ပါတယ်။ တမံအမြင့်နဲ့ ပြောရရင်တော့ ဒီ ၁၁ ခုတည်းကို ကျွန်တော်

တင်ပြခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၁ ခု မကပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ ရေလှောင်ပမာဏ ကို တင်ပြမှာဖြစ်ပါတယ်။ တမံကသာ ၃၃၈ ပေဖြစ်တယ်။ ရေလှောင်နိုင်တဲ့ပမာဏ ဧကပေကို သိန်းနဲ့ ကျွန်တော် ဒါလေးတွေက ဧကပေ သိန်းလေးတွေဖြစ်ပါတယ်။ အဲ့ဒီတော့ လှောင်နိုင်တဲ့ပမာဏကျတော့ သူက အနည်းဆုံးထဲမှာသူကပါနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက တမံမြင့်သော်ငြားလည်းပဲ Gorge ဖြစ်တဲ့အတွက်ကြောင့် သူ့မှာ Flat Plane မရှိတဲ့အတွက်ကြောင့် မို့လို့ သူသည် ဒီ Gorge လေးထဲမှာပဲ ထိန်းရတဲ့သဘောပဲရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ရေလှောင် ပမာဏနည်းနေခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ရဲရွာတို့၊ ရွှေကျင်တို့ဆိုလို့ရှိရင် အတော်များများကို ကျွန်တော်တို့ လှောင်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီနေရာလေးကို ကျွန်တော်တို့ ဓာတ်ပုံလေးနဲ့ မှတ်တမ်းနဲ့ တင်ပြပါရစေ။ ဒီအခုမြင်နေရတဲ့ ဘေးက Abetment နှစ်ခုစလုံးသည် ပေ ၄၀၀၀ ကျော် မြင့်တဲ့၊ ၃၀၀၀ ကျော်မြင့်တဲ့ ဧရိယာတွေထိအောင် မြင့်နေတာတွေရှိပါတယ်။ သူ့အနေနဲ့က ဒါလေးက ဒီအမြင့် လေးလောက်ပဲသိုလှောင်တာ ဖြစ်ပါတယ်။ ဒါက ညာဘက်ကမ်းကို ရိုက်ထားတဲ့ဓာတ်ပုံဖြစ် ပါတယ်။ မတ်စောက်တဲ့ တောင်ကုန်းတွေ ဖြစ်ပါတယ်။ ဒါဘယ်ဘက်ကမ်းက ဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော်တင်ပြတာကတော့ သူသည် Gorge ထဲမှာရှိနေတယ်ဆိုတာလေးတစ်ခုပဲ ကျွန်တော်တင်ပြ ခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် ရေလှောင်ကန် ခုနလို Gorge ထဲမှာကျရောက်နေတဲ့ အတွက်ကြောင့်မို့လို့ ရေလှောင်ကန်မှာရှိတဲ့ အမြင့်ဆုံးရေဝပ်နေတဲ့အချိန်မှာရှိတဲ့ မျက်နှာပြင်ရေ ဖုံးလွှမ်းနေတဲ့ဧရိယာဟာ ၅၇၃၃ ဧကပဲရှိပါတယ်။ သူ့ထက်မြင့်တဲ့ ဖြူး၊ ခပေါင်း၊ ရဲရွာ၊ အထက် ပေါင်းလောင်း၊ ရဲနွယ်ဆိုရင် အားလုံးဟာ သူ့ထက် ငါးဆ၊ ခုနစ်ဆ၊ ရှစ်ဆထိအောင်မြင့်တဲ့ ရေလှောင် Water Spread Area ရှိနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အဓိက ဒီအချက်ကိုတင်ပြချင်တာကတော့ ကျွန်တော်တို့ ရေလှောင်ပမာဏကိုလည်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ရေလှောင်နိုင်တဲ့ Spread Area လည်းတင်ပြခဲ့ပါတယ်။ ဒီအခု ဒီဖြူးရယ်၊ ခပေါင်းရယ် ကျွန်တော်တို့ဒီနားမှာ ရဲနွယ်ဆိုတဲ့ ဟာတွေသည် ကျွန်တော်တို့ ပဲခူးရိုးမရဲ့အရှေ့ဘက်ခြမ်းမှာတည်ရှိတဲ့ Sagaing Fault ကြီးနဲ့ဆိုရင် ငါးမိုင်ကနေ ၁၀ မိုင်အတွင်းမှာပဲရှိတဲ့ စီမံကိန်းဆောင်ရွက်ထားတဲ့ တမံများဖြစ်ပါတယ်။ စောစောက ကျွန်တော်တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အထဲမှာ သူရဲ့မေးခွန်းတစ်ခုလည်း ကျွန်တော်တို့ဆီမှာထပ်ရောက်နေပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ Earthquake နဲ့ပတ်သက် ပြီးတော့ ဒီတမံနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအန္တရာယ်ကင်းရှင်းရေးလုပ်ထားပါသလဲဆိုတဲ့ ကျလို့ရှိရင်

ကျွန်တော် အသေးစိတ်ထပ်ပြီးတော့မှ Geological တွေပါ စဉ်းစားထားတာတွေပါ ကျွန်တော်ထည့်ပြောမှာဖြစ်ပါတယ်။ အခုဒီမှာကတော့ အချိန်ကို လေးစားသောအားဖြင့် ဒီလောက်နဲ့ပဲ ချုံ့ခွင့်ပြုပါ။ ဒီမှာကျွန်တော်တို့ ခုနတုန်းကတင်ပြတဲ့အထဲမှာ ဒီလျှောင်တဲ့ရေကို နည်းနိုင်သမျှနည်းအောင်လုပ်ပြီးတော့ နွေရာသီမှာလည်း အခြောက်သွေ့ဆုံးအချိန်မှာလည်း ဒီ Ecological Water Requirement ဆိုတာ သဘာဝကိုမပျက်အောင် ကျွန်တော်တို့ လွှတ်ပေးတဲ့ ရေကိုလည်း အနိမ့်ဆုံးဘယ်လောက်ထိလွှတ်ပေးရမယ်ဆိုတာ စဉ်းစားပြီးသားဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ဒီဇီဝမျိုးစုံမျိုးကွဲတွေ အသက်ရှင်ရပ်တည်ရေး၊ သစ်တောတွေပြန်လည်ပြုစုပျိုးထောင်ရေးဆိုတဲ့ အချက်တွေအကုန်လုံးကိုလည်းပဲ စောစောတုန်းကတင်ပြထားတဲ့ ESIA Report ထဲမှာ အသေးစိတ် ကျွန်တော်ဖော်ပြပြီးတော့ ဆောင်ရွက်မယ်ဆိုတာလည်းပဲ တင်ပြပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီဟာနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေကိုချပြရှင်းလင်းတာရှိပါသလားလို့ ပြောရင်ကျွန်တော်တို့ ဒါနဲ့ဆိုနှစ်ကြိမ်ရှိသွားပါပြီ။ ကွမ်းလုံအပါအဝင် အဲဒီနားကရွာတွေအထိအောင် ရောက်အောင် ကျွန်တော်တို့ရှင်းလင်းတင်ပြတဲ့အကြိမ် ဖြစ်ပါတယ်။

နောက်ဆုံးတစ်ကြိမ်ဆိုလို့ရှိရင် သက်ဆိုင်ရာပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းပြီးတော့ နစ်နာကြေးတောင်ကျွန်တော်တို့ပေးပြီးသား တချို့တစ်ဝက် ကျွန်တော်တို့ပေးနိုင်ခဲ့တဲ့ထိအောင် သဘောတူညီချက်ရခဲ့ပြီးသားဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကျွန်တော်တို့ဘာလုပ်ထားတာလဲတော့ ကျွန်တော်ဥက္ကဋ္ဌအဖြစ်နဲ့ပါတဲ့ဗဟိုကော်မတီကို ဝန်ကြီးဌာနအဆင့်နဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ကမူတွေ၊ ဆောင်ရွက်ရမယ့်ကိစ္စတွေကို ကျွန်တော်က နောက်က နေပြီးတော့ ကြပ်ပေးပါတယ်။ အဲဒီမှာဘယ်သူကရှေ့ထွက်သွားသလဲဆိုတော့ ပြည်နယ်ကလျှပ်စစ်နဲ့ စက်မှုဝန်ကြီးက လုပ်ငန်းကော်မတီကိုဦးဆောင်ပါတယ်။ ဦးဆောင်ပြီးတော့မှ ခုနက ကျွန်တော် တင်ပြတဲ့ ကျွန်တော့်ကော်မတီရော၊ ပြည်နယ်လျှပ်စစ်ဝန်ကြီးဦးဆောင်တဲ့ ကော်မတီရောက ဘယ်သူတွေပါလဲဆိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံက ကျွမ်းကျင်သူတွေ၊ ဝန်ကြီးဌာနပေါင်းစုံဆိုတာ စိုက်ပျိုးရေး၊ လယ်/ဆည်အကုန်လုံးပါတဲ့အဖွဲ့တွေပေါ့။ ကျွန်တော်တို့ သတ္တုတွင်းအကုန်ပါတဲ့ အဖွဲ့တွေနဲ့ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ စဉ်ဆက်မပြတ်စောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပြီဆိုတဲ့အကြောင်းလည်း တင်ပြပါရစေ။ ဒီမှာ ကျွန်တော်အလျဉ်းသင့်လို့ တင်ပြတာလေးတစ်ခုကတော့ အများစုမကြာခဏ ဆောင်းပါးတွေလည်းရေးနေကြတယ်။ သတင်းစာတွေလည်းရေးနေကြတယ်။ သတင်းစာမှာတော့ ကျွန်တော်တို့ရေးတာပဲဖော်ပြတာပါ။ ဒါပေမယ့် အပြင်မှာရေးနေတာတွေက ကျွန်တော်တို့ပြောတာတွေနဲ့ လွဲပြီးတော့

ရေးနေတယ်ဆိုတဲ့ အကြောင်းကို တင်ပြပါရစေ။ ကျွန်တော်တို့ စီမံကိန်းရဲ့ကုန်ကျစရိတ်က သန်း ၂၀၅၃ သန်းဒေါ်လာရှိပါတယ်။ သူ့ရဲ့လုပ်ပိုင်ခွင့် ပေးထားတာက ကျွန်တော်တို့ ၃၀+၅၅ပါ။ ၃၀ ဆိုတာ ကျွန်တော်တို့က Real ဖြစ်ပါတယ်။ ၅၅ ကတော့ Extendable ဖြစ်ပါတယ်။ ကျွန်တော်တို့က ကျွန်တော်တို့မပေးချင်ရင် မပေးလို့ရတဲ့ အထဲမှာရှိပါ တယ်။ အဲဒီမှာနိုင်ငံတော်ဘက်ကနေပြီးတော့ ဒီနှစ် ၄၀ အတွင်းမှာ ပြန်ရနိုင်တဲ့ အကျိုးအမြတ်က ၂၉၈၈ အမေရိကန်ဒေါ်လာသန်းဖြစ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဘက်ကတော့ ၂၆၈၅ ဆိုတော့ ကျွန်တော်တို့ဘက်က အားသာချက်ရှိလို့ ဒီကိစ္စကို လေ့လာဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့ ၇၄.၇ သန်း နှစ်စဉ်ပျမ်းမျှ ဝင်ငွေရရှိနေမှာလို့ ကျွန်တော်တို့ အကြမ်းဖျင်းတွက်ချက်ပါတယ်။ ဒီထဲမှာ အခွန်အခတွေလည်းပါ ပြီးသားဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံတော်က ဘာတွေ သတ်သတ်မှတ်မှတ်ပြောနိုင် အောင်ရလိုက်သလဲဆိုရင် $3^{10}$% ရပါတယ်။ ဒါကျွန်တော်တို့ ခါတ်အားထုတ်တဲ့အထဲမှာ ကျွန်တော် အလကားယူလိုက်တာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ခုနက Investment ထဲမှာ သူတို့ရဲ့စီမံကိန်းကုန်ကျစရိတ် သန်း၂၀၅၃ ထဲမှာ ကျွန်တော်တို့ကို ၁၅ ရာခိုင်နှုန်း ကျွန်တော်တို့အတွက် ကုမ္ပဏီတွေကနေပြီးတော့ ထည့်သွင်း ပြီးတော့ နိုင်ငံတော်အတွက် ပေးရတာရှိပါတယ်။ ဒါဟာကျွန်တော်တို့ နှစ်ခုရတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ လူတွေပြောနေတဲ့ ၁၀ % ပဲရတယ်။ ၉၀ ရာခိုင်နှုန်း တရုတ်ပြည် ကိုရောင်းတယ်လို့ပြောတဲ့စကားကို ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အာမခံချက်ပေးပြီးတော့ တင်ပြသွားပါရစေ။ ကျွန်တော်တို့ဟာ ဒီအပေါ်ကနေပြီးတော့ At least ၅၀ ရာခိုင်နှုန်းဆိုတဲ့ ၇၀၀ မဂ္ဂါဝပ်ကို မင်းတို့ပေးကိုပေးရမယ်။ ဘယ်နေ့ ဘယ်လိုပေးရမလဲ မေးလို့ရှိရင် မင်းတို့တရုတ်ပြည်ကိုရောင်းတဲ့ဈေးနဲ့ပဲ ငါတို့ပေးရမယ်ဆိုတဲ့အခါမှာ ကျွန်တော်အောက်က ဖော်ပြ ထားတဲ့ ၄၃ ကျပ်လောက်တန်ဖိုးရှိတဲ့ တစ်ယူနစ်စာကို ကျွန်တော်တို့ ရရှိတာဖြစ်ပါတယ်။ ဒီနေရာမှာလဲ ဘာလို့ ၇၀၀ လောက်ပဲတောင်းရသလဲဆိုတာ အကြောင်းရှိပါတယ်။ ဟိုတစ်နေ့ကပဲ ပြည်ထောင်စု လွှတ်တော်ကြီးမှာ ကျွန်တော်တို့လာပြီးတင်ပြသွားတဲ့ ၅၀၀ ကေဗွီလိုင်းတွေ ချေးငွေနဲ့ ခွဲရုံကြီးတွေ တည်ဆောက်မယ်ဆိုတဲ့ပိုက်ဆံတွေဟာ ဒီလိုင်းတွေမဖြစ်မချင်း။ မရမချင်း။ နောက်ကျွန်တော်တို့ Distribution Line တွေ မလုပ်မချင်း၊ ကျွန်တော်တို့ Power ကို အရမ်းဝယ်လို့မရပါဘူး။ Power ကိုအရမ်းထုတ်လို့လည်းမရပါဘူး။ ထုတ်ရင် ဘာဖြစ်သွားမလဲဆိုတော့ ကိုယ့်ဟာကိုယ်ထုတ်ရင်တော့ နိုင်ငံတော်ပိုင်စက်ရုံဆိုရင်တော့ ရပ်ထားလိုက်ရင် ကိစ္စမရှိဘူး။ ဒါပေမယ့်ပုဂ္ဂလိကနဲ့ပေါင်းပြီဆိုတဲ့

မူကြမ်း

အခါကျတော့ Take of Pay ရှိပါတယ်။ သူတို့ကို ကျွန်တော်က လျော်ရမှာဖြစ်ပါတယ်။ လျော်တဲ့ အခါကျလို့ရှိရင် Agreement တစ်ခုက စာချုပ်ချုပ်ထားပြီးရင် လျော်ကိုလျော်ရမှာဆိုတော့ အဲဒီမှာ ကျွန်တော်တို့က Preliminary မှာတော့ ငါတို့ဒီလောက်နဲ့ပဲ ထိန်းထားပြီးတော့ ပြီးရင်ကျွန်တော်တို့ ဆက်ပြီးတော့ နောက်ထပ်လိုသလောက်ကို ၁၄၀၀ လုံးလိုချင်ရင် ၁၄၀၀လုံးထပ်ဝယ်တဲ့ Agreement တစ်ခုကျွန်တော်တို့ ထပ်ထိုးမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ agreement ရပြီးသား ဖြစ်ပါတယ်။ ဒီနေရာမှာကျွန်တော် အလျင်းသင့်လို့ စက်ရုံလေးနှစ်ရုံအကြောင်းကို ကျွန်တော်တင်ပြ ပါရစေ။

နံပါတ်(၁)စက်ရုံကတော့ ကျွန်တော်တို့ လောလောဆယ် Joint Venture ထဲမှာ Operate လုပ်နေတဲ့ ရွှေလီဓာတ်အားပေးစက်ရုံဖြစ်ပါတယ်။ ရွှေလီဓာတ်အားပေးစက်ရုံဟာ Install Capacity ၆၀၀ မဂ္ဂါဝပ်ရှိပါတယ်။ အဲဒီ ၆၀၀ မဂ္ဂါဝပ်ကို ကျွန်တော်တို့ ၄၀၀ မဂ္ဂါဝပ်ထိ PPA ချုပ်ထားပြီးဖြစ်ပါ တယ်။ ဒါပေမယ့် ကျွန်တော်တို့ ၄၀၀ ထက်ကျော်ချုပ်ချင်တယ်။ သူတို့ကပေးနေပါတယ်။ သူတို့က အကုန်ပေးတယ် ကျွန်တော်တို့ကို။ ဒါပေမယ့်ကျွန်တော်တို့က အဲဒီ ၄၀၀ မဂ္ဂါဝပ်ထက်ကျော်တဲ့ဟာကို လက်ခံနိုင်တဲ့ Main Transmission Line က ကျွန်တော်တို့က Major အူချောင်းကြီးမှာ ကျွန်တော် တို့ကမရှိသေးဘူးဖြစ်နေတယ်။ မရှိသေးဘူးဖြစ်တော့ ကျွန်တော်တို့က ဒီဟာကတော့ လောလောဆယ် ငါတို့မချုပ်နိုင်ပါဘူး။ ၄၀၀ ထိချုပ်ပါ့မယ်ဆိုလို့ Take of Pay နဲ့ ကျွန်တော်တို့ ၄၀၀ မဂ္ဂါဝပ်ထိ ချုပ်တော့ ၇၅ ရာခိုင်နှုန်းအထိ ကျွန်တော်တို့က ယူထားပြီးဖြစ်ပါတယ်။ အဲလိုပဲကျွန်တော်တို့ တာပိန် စက်ရုံဖြစ်ပါတယ်။ တာပိန်စက်ရုံဆိုလို့ရှိရင် ဒီနှစ်ဘတ်ဂျက်ထဲမှာ ကျွန်တော်တို့ တောင်းထားပါတယ်။ အဲဒီဗန်းမော်ထိအောင် ကျွန်တော်တို့ ဓာတ်လိုင်းလဲဆွဲပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်ဗန်းမော်ကနေ ပြီးတော့တစ်ဆင့် ကျွန်တော်တို့ ဒီဘက် ငှက်ပျောတိုင်း၊ ငှက်ပျောတိုင်းကနေတစ်ဆင့် စစ်ကိုင်း ဟိုဘက်က အုန်းတော။ ဒါတွေထိအောင် ဆွဲဖို့အတွက်ပိုက်ဆံမရှိပါဘူး။ မရှိတော့ ကျွန်တော်တို့ အဲဒါတွေအားလုံးကိုလည်းပဲ ဘတ်ဂျက်ထဲမှာ တင်တောင်းထားပါတယ်။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ သူတို့ကရောင်းချင်ပါတယ်။ အဲဒီတာပိန်ဝမ်းဆိုလို့ရှိရင် ၂၄၀ မဂ္ဂါဝပ်ရှိပါတယ်။ အဲဒီ ၂၄၀ မဂ္ဂါဝပ် အကုန်လုံးကို ရောင်းချင်တာ။ ဒါပေမယ့်ကျွန်တော်တို့ အဲဒီအကုန်လုံးမဝယ်နိုင်တာက Transmission Line တွေ ကျွန်တော်တို့မှာ Block ဖြစ်နေတာတွေရှိပါတယ်။ ကျွန်တော်တို့တင်ပြတဲ့အထဲမှာလည်းပဲ တစ်ဖက်ကနေပြီးတော့မှ သူများနိုင်ငံကိုရောင်းတယ်။ သူများနိုင်ငံကိုရောင်းတယ်ဆိုတာ သူများ နိုင်ငံကိုရောင်းတာက ကျွန်တော်တို့က လောလောဆယ် ကိုယ်မဆွဲနိုင်သေးလို့ သူများကို ရောင်းနေရ

ခြင်းသာဖြစ်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဒီလိုစိစစ်လိုက်တဲ့အခါမှာ ဘာတွေကို အခြေခံစိစစ်ပါသလဲလို့ မေးလို့ရှိရင် ကျွန်တော်တို့ရဲ့ ကျွမ်းကျင်သူအဖွဲ့အစည်းတွေရော၊ အပြည်ပြည်ဆိုင်ရာက Consultant လုပ်နေတဲ့အဖွဲ့အစည်းတွေနဲ့ အချိန်ယူပြီးတော့ စိစစ်တာဖြစ်ပါတယ်။ အဲဒီစိစစ်ပြီးလို့ရှိရင်လည်း အဲဒီစိစစ်တဲ့အတိုင်းလုပ်မလုပ်ဆိုတာကို စောင့်ကြည့်ရေးဇဟိုကော်မတီနဲ့ အကောင်အထည်ဖော်ဆောင်ရေးကော်မတီကို ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောက်တစ်ခါ စီးပွားရေးတွက်ခြေကိုက်မှုစိစစ်တဲ့အခါမှာလည်း နိုင်ငံတော်ဘက်က အကျိုးအမြတ်ပိုရလို့ ကျွန်တော်တို့လုပ်တာဖြစ်ပါတယ်။ နောက်တစ်ခါ ဓာတ်အားမှာလည်းပဲ ကျွန်တော်တို့ ၇၀၀ အထိ ခုနက တင်ပြခဲ့အတိုင်းဖြစ်ပါတယ်။ Free Power Free Share ကလည်း ဒီလိုပဲ ကျွန်တော်တို့ တင်ပြခြင်း ဖြစ်ပါတယ်။

နောက်ဆက်လက်ပြီးတော့ အကောင်အထည်ဖော်မယ်ဆိုရင်လည်းပဲ သူက ငါးနှစ်အတွင်းပြီးနိုင်တဲ့ စီမံကိန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ငါးနှစ်တာကာလအတွင်းမှာ နိုင်ငံတော်ဓာတ်အားဖြန့်ဖြူးနိုင်မယ်ဆိုတဲ့ဟာကိုလည်း ဦးတည်တာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခုနကကွင်းဆင်းပြီးတော့ ပြောပြီးပြီလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ကြိမ်ရှိပါပြီ။ နောက်ထပ်သွားမယ်ဆိုရင်လည်းပဲ သူတို့ကအချိန်မရွေးလက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လုပ်ငန်းစရင်တစ်ခါထပ်သွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အောက်ကစီမံကိန်းများနဲ့ဆက်စပ်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ စောစောကဟာကတော့ ကျွန်တော်တို့ JVA ထိုးထားပြီးသားစီမံကိန်းသည် Individual အဲ့ဒီစီမံကိန်းတစ်ခုကိုပဲ ကျွန်တော်တို့က ဦးတည်ပြီးတော့ စဉ်းစားပြီးတော့မှ သံလွင်မြစ်ကြီးကို ကျွန်တော်တို့ စစ်ဆေးထားတာဖြစ်ပါတယ်။ အထက်ကတော့ တရုတ်ပြည်ထဲမှာရှိတဲ့ စီမံကိန်းတွေကတော့ အခြေအနေတွေကတော့  တရုတ်ပြည်ရဲ့ စီမံကိန်းတွေတိုးလာလို့ ရှိရင်ကျွန်တော်တို့ နှစ်နိုင်ငံဆွေးနွေးရတဲ့ သဘောထဲမှာရှိပါတယ်။ အခုလောလောဆယ်တော့ ကျွန်တော်တို့သူတို့ဆီမှာ ဆောင်ရွက်ဆဲက လေးရုံနဲ့ ငါးရုံကြားထဲမှာပဲရှိတော့ ကျွန်တော်တို့အနေနဲ့ ရေအခက်အခဲမရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဒါကိုစောင့်ကြည့်နေဆဲလို့ပဲ ကျွန်တော်တင်ပြပါရစေ။ ဒီမှာကျွန်တော်တို့ နောက်ထပ်သွားမယ့်စီမံကိန်းကတော့ လေးခုရှိပါတယ်။ ဒါကတော့ သူတို့ဆောင်ရွက်ဆဲအဆင့်တွေကို တင်ပြခြင်းဖြစ်ပါတယ်။ တစ်ခုမှ ကျွန်တော်တို့ FSR လည်း အတည်မပြုရသေးပါဘူး။ JVA လည်းမထိုးရသေးပါဘူး။ သူတို့နဲ့ကျွန်တော်တို့နဲ့ စကားပြောစရာတွေ အများကြီးကျန်နေတာကျွန်တော်တင်ပြလိုပါတယ်။ ဒီနေရာမှာ စောစောကတင်ပြသွားတဲ့အထဲမှာ IWRM ဆိုတဲ့ စကားလုံး

အသုံးအနှုန်းပါတာတွေ့ပါတယ်။ Integrated Water Resources Management ဆိုတာ ဒါမှန်ပါတယ်။ စောစောက ကွမ်းလုံစီမံကိန်းလုပ်တုန်းက ဒီကိစ္စကို ကျွန်တော် တို့က အကြိတ်အနယ် စဉ်းစားပြီးတော့မှ ဒီတစ်ခုကို အတည်ပြုလိုက်တာဖြစ်ပါတယ်။ ဒါပေမယ့် အောက်ကဟာတွေနဲ့ ပေါင်းတော့မယ်ဆိုရင်တော့ ကျွန်တော်အခုတင်ပြထားတဲ့ အချက် ၈ ချက် Plus နောက်ထပ်စဉ်းစား စရာတွေအများကြီးရှိနေတာကို ကျွန်တော်တင်ပြလိုပါတယ်။ ဒီအချက်တွေကတော့ အားလုံးနားလည် ပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထူးမရှင်းပြတော့ပါဘူးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ကျန်တဲ့ စီမံကိန်းလေးခုကို မဟာဗျူဟာမြောက် အမှန်ကတော့ Master Plan လို့ မေးလိုက်တာဖြစ်ပါတယ်။ Master Plan ရှိပါသလားလို့ မေးတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တစ်ခုခွင့်ပြုလိုက်တဲ့ အချိန်မှာ ဒီလိုတစ်ခုခွင့်ပြုလိုက်တဲ့အချိန်မှာတော့ သူ့ကိုတော့ Individual Master Plan လုပ်လိုက် ပါတယ်။

ဒါပေမယ့် အခု နောက်ထပ် လေးခုထပ်ပေါင်းမယ်ဆိုရင်တော့ အကုန်ပေါင်းတဲ့ Master Plan တစ်ခု သေချာပေါက်လိုမှာဖြစ်ပါတယ်။ ဒါ တကယ်လည်းပဲ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ကျွန်တော် တို့ကို တိုက်တွန်းတာဆိုတာကို လေးလေးစားစား လက်ခံပါတယ်။ အဲ့ဒီမှာ ဘာလုပ်နေသလဲလို့ပြော ရင်တော့ အဲဒီမှာပါတဲ့ အကောင်အထည်ဖော်တဲ့အဖွဲ့အစည်းတွေရော၊ ကျွန်တော်တို့ရော အကုန်လုံး ပေါင်းပြီးတော့။ အဖွဲ့ဖွဲ့ပြီးတော့။ ကျွန်တော်တို့လည်း Consultant ငှားလိုက်ပါတယ်။ ငှားတဲ့ Consultant ကတော့ ကျွန်တော်တို့ ဆွစ်ဇာလန်နိုင်ငံကနေပြီးတော့ STUCKY AS နာမည်ကြီး ကုမ္ပဏီဖြစ်ပါတယ်။ သူကဦးဆောင်မှာဖြစ်ပါတယ်။ သူကဦးဆောင်ပြီးတော့မှ အောက်ကစီမံကိန်း လေးခုတကယ်လို့လုပ်တော့မယ်ဆိုရင် အဲဒီဟာအတွက်ကို ခွင့်ပြုမယ်ဆိုလို့ရှိရင် Individual ရော၊ အစိုင်အခဲအကုန်လုံးစုပေါင်းပြီးတော့ရော ကျွန်တော်တို့စဉ်းစားပြီးတော့မှ ခွင့်ပြုသွားပါမယ်ဆိုတဲ့ အကြောင်းကို တင်ပြရင်းနဲ့နိဂုံးချုပ်ပါရစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ ကျွန်မတစ်ဆက်တစပ်တည်းမေးခွန်းကို မေးခွင့်ပြုပါ ရှင်။ ဝန်ကြီးရယ် ဒီမေးခွန်းဟာ ကျွန်မ (၁၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကတည်းက တင်ထားတဲ့ မေးခွန်းလည်းဖြစ်ပါတယ်။ အဲ့ဒီတုန်းကတော့ ဝန်ကြီးက ကျွန်မကို ကြယ်ပွင့်မပြဘဲနဲ့ ကျွန်မကို စာနှင့် ပြန်ပြီးဖြေထားတာရှိပါတယ်။ ကျွန်မအနေနဲ့ အခုလိုမျိုး ဒီလို ပြည်သူ့လွှတ်တော်အတွင်းမှာ ပြည်သူ လူထုတွေသိအောင်လို့ ရှင်းရှင်းလင်းလင်းသိစေချင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မက အခုဟာကို

ကြယ်ပွင့်ပြပြီးတော့ ထပ်မံပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်မက အခုထပ်ပြီးတော့ ဝန်ကြီးပြောသွားတဲ့အချက်တွေရဲ့အပေါ်မှာ ထပ်ပြီးတော့ မေးချင်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ၂၅-၇-၂၀၁၃ ရက်နေ့မှာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပေးခဲ့တယ်လို့ ကျွန်မတို့သိရပါတယ်။ ဒီလိုမျိုးတွေဆောင်ရွက်တဲ့နေရာမှာ ရေအရင်းအမြစ်ကော်မတီကရော ဒါထဲမှာ ထပ်ပြီးတော့မှ ပါဝင်ပြီးတော့ ဆောင်ရွက်မှုရှိ/မရှိဆိုတာကိုလည်း သိချင်ပါတယ်။

ဝန်ကြီးပြောသွားတဲ့အထဲမှာ ပညာရှင်တွေကိုယ့်အမြင် ကိုယ့်ရှုထောင့်ကနေ ပြောနေတယ်လို့ ပြောသွားတဲ့အချက်နှင့်ပတ်သက်လို့မို့လို့ ပညာရှင်တွေဟာ ဒီကနေ့ အင်မတန်မှ စိတ်ပူပန်မှုတွေရှိပါတယ်။ ကျွန်မတို့လို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပြည်သူ့အသံတွေကို အမျိုးမျိုးကြားနေရတဲ့အခါမှာ ကျွန်မတို့လည်း စိတ်ပူပန်မှုတွေရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွက် စိုးရိမ်ပူပန်လို့ အခုလိုမျိုး ကျွန်မတို့က မေးမြန်းနေရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ခုနတုန်းက ဖြေသွားတဲ့အထဲမှာ ကျွန်မတွေ့ပါတယ်။ ပြည်တွင်းပြည်ပ ပညာရှင်များနဲ့ ဒါတိုင်ပင်ပြီးမှ လုပ်ပါတယ်လို့ပြောပါတယ်။ အဲ့ဒီတော့ ကျွန်မသိချင်တာ ကျွန်မတို့ပြည်တွင်းက ဘယ်လိုပညာရှင်တွေနဲ့၊ ဘယ်သူတွေနဲ့တိုင်ပင်ပြီးတော့မှ ဆောင်ရွက်ခဲ့တာလဲ။ ပြည်ပက ဘယ်လိုပညာရှင်တွေနဲ့ ဘယ်သူတွေနဲ့တိုင်ပင်ပြီးတော့ ဆောင်ရွက်ခဲ့တာလည်းဆိုတာကို ကျွန်မသိချင်ပါတယ်။

နောက်တစ်ခုက ဆည်များဟာ အမြင့်ပေမြင့်လေ။ ဆည်ရဲ့အမြင့်ဟာ မြင့်လေ။ မြေပြိုနိုင်မှု၊ ငလျင်လှုပ်ခတ်မှုတွေကြောင့်မို့လို့ ပြိုကျပျက်စီးနိုင်မှုများလေလို့ ပညာရှင်များသုံးသပ်ထားတာကို ကျွန်မတို့ ဖတ်မှတ်ရပါတယ်။ အဲဒီအတွက်ကြောင့် ဒီလောက်မြင့်တဲ့ ရေကာတာကြီးတွေဆောက်နေတဲ့ နေရာမှာ နှစ်ပေါင်းဘယ်လောက်ထိကြာအောင် ဒီဟာကို မပြိုမပျက်နိုင်ရန်အတွက် ဘယ်သူတွေက ဘယ်လိုအာမခံချက်ပေးမှာလဲဆိုတာ ကျွန်မတို့သိချင်ပါတယ်။ အဲ့ဒီတော့ ဒီဟာလေးကိုပဲ ကျွန်မတို့အနေနဲ့ ဒီနှစ်ကြိမ်မြောက်ကွင်းဆင်းပြီးတော့ စုံစမ်းထားပြီးပြီ။ ပြည်သူလူထုရဲ့အသံကို နားထောင်ပြီး ပြီဆိုပေမယ့် အခုနောက်ပိုင်းမှာ ဒေသခံပြည်သူတွေရဲ့အသံတွေဟာလည်း ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေတဲ့အတွက်ကြောင့်မို့လို့ ထပ်မံပြီးတော့ ပြည်သူလူထု တချို့ပြောပါတယ်။ လျှပ်စစ်မီးမလိုချင်တော့ပါဘူး။ ဆိုလာနဲ့ပဲမီးလင်းပါရစေ။ သဘာဝပတ်ဝန်းကျင်ပျက်စီးတာတွေကိုတော့ လက်မခံနိုင်ပါဘူးလို့ ပြောနေတဲ့ ဒီအသံတွေကိုရော ထပ်မံပြီးတော့ ဝန်ကြီးတို့အနေနဲ့ နားထောင်ဖို့ရန် ရှိပါသလားဆိုတာလေး မေးမြန်းချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာပြောရင်တော့ လွှတ်တော်ကိုယ်စားလှယ်တွေအကုန်လုံး အကြာကြီးအချိန်ပေးရမှာဖြစ်ပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်က စာစာတင်ပြတဲ့အထဲမှာတောင်မှ ပါသွားပါတယ်။ ဒီငလျင်နဲ့ ပတ်သက်တာပြောမယ်ဆိုရင် ကျွန်တော် နောက်တစ်ခေါက်မှာ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမေးထားတာ ကျွန်တော့်ဆီမှာရှိနေပါတယ်။ ကျွန်တော် သေချာပြည့်ပြည့်စုံစုံရေးနေပါတယ်။ Power Point လည်း သေချာလုပ်နေပါတယ်။ ဒီ တမံမြင့်လာရင် အန္တရာယ်ရှိတယ်၊ တမံမြင့်လာရင် အန္တရာယ်ရှိတယ်ဆိုတာ အဓိကက မြင့်တာက အန္တရာယ်မဟုတ်ပါဘူး။ လှောင်တဲ့ရေက အန္တရာယ်ဖြစ်ပါတယ်။ တမံမြင့်တာ တမံကျိုးသွားတာ တမံအောက်မှာလူမရှိပါဘူး။ အဲ့ဒီနားလေး ပတ်ဝန်းကျင်မှာ လူမရှိပါဘူး။ အဓိကအချက်ကတော့ တမံလှောင်ထားတဲ့ရေက အန္တရာယ်ဖြစ်ပါတယ်။ လှောင်ထားတဲ့ရေပမာဏသည် အဲ့ဒီပတ်ဝန်းကျင်မှာ ချက်ချင်း တစ်ခုခုဖြစ်ဖြစ်ချင်းဆိုရင် အနားကပ်လျက်လူ ရှာလို့ရမှာမဟုတ်ပါဘူး။ ဒါလည်း ပတ်ဝန်းကျင်အခြေအနေအရ Safely Factor ဆိုတာ ယူရပါတယ်။ အဲ့ဒီ Safely Factor ဆိုတာကတော့ အပြည်ပြည်ဆိုင်ရာစံနှုန်းတွေရှိပါတယ်။ ဒါကတော့ ဒီမှာ ဘူမိဗေဒပညာရှင်များပါလို့ရှိရင် ကျွန်တော်တို့က ဒီ Richter Scale တွေ၊ Magnitude တွေ နောက်တစ်ခါ ဒီဒေသမှာဖြစ်ပေါ်နေတဲ့ အကြိမ်တွေ၊ လှုပ်ခတ်တဲ့ လှုပ်ခတ်နှုန်းတွေ ဒါတွေအားလုံးဟာ ကျွန်တော်တို့ ကနေ့ဆိုရင် အပြည်ပြည်ဆိုင်ရာ ပညာရှင်တွေဆီမှာ ကျွန်တော်တို့က Website ထဲမှာ လှန်ကြည့်လိုက်တာနဲ့ကိုပဲ ပိုက်ဆံမပေးဘဲနဲ့ကို ရတဲ့အဆင့်အထိအောင် တော်တော်လွယ်ကူနေပါပြီ။ ပညာရှင်ကြီးက တွက်ချက်ပြောမှဆိုတဲ့ အဆင့်ထိအောင်မဟုတ်တော့ဘဲနဲ့ တော်တော်ကြီးကို ကျွန်တော်တို့ ဒီဟာတွေအားလုံးဟာ Transparent ဖြစ်စွာနဲ့ အန္တရာယ်ကင်းရှင်းရေးအတွက် ဘယ်လိုတွေအခြေအနေတွေပါရမယ်ဆိုတာကိုလည်း ကျွန်တော်တို့ကရပြီးဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် ဒီအဆင့်ထဲမှာ မပြောသွားတဲ့ စကားတစ်ခုက ရေအရင်းအမြစ်ကော်မတီဆိုတာရှိပါတယ်။ ကျွန်တော်တို့လည်းပါပါတယ်။ ဒီထက်ပိုပြီးတော့ ပါတာရှိပါသေးတယ်။ Myanmar COLD ဆိုတာ မြန်မာနိုင်ငံတာတမံကြီးများကော်မရှင်ဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်က နာယကဖြစ်ပါတယ်။ ကျွန်တော်လည်း အဲဒီထဲမှာပါပါတယ်။ အဲဒီတော့ ဒါက ဘာလဲဆိုတော့ ICOLD ဆိုတာ International Commission on Large Dam ဆိုတာ အပြည်ပြည်ဆိုင်ရာ တမံပညာရှင်တွေလည်းရှိပါတယ်။ ဟိုတစ်နေ့ကဆိုလို့ရှိရင် ကျွန်တော်တို့ ဆောင်ရွက်ပြီးသား စီမံကိန်းတမံတွေကို သူတို့ကို ဖိတ်ကြားပြီးတော့ ကျွန်တော်တို့ပြသပါတယ်။ ဒီနားက ပဲခူးရိုးမဆိုရင်

Earthquake သိပ်နီးတယ်။ ဘာလို့နီးလဲဆိုတော့ ဒီ Sagaing Fault ဆိုတာ ၅ မိုင်နှင့် ၁၀ မိုင်ကြား ထဲမှာရှိပါတယ်။ အဲဒီမှာ တမံတွေ ကျွန်တော်တို့က စီပြီးတွယ်ထားတာ Flat Control ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင် အစသဖြင့် ပဲခူး အပေါ်ကဖြူး ဒါတွေအားလုံးဟာ ကျွန်တော်တို့ နှစ်စဉ် Flat Control ကိုထိန်းပေးဖို့ အဓိကရည်ရွယ်ပြီးတော့မှ နောက်ကျမှ ကျွန်တော်တို့က လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်ကိုတပ်ဆင်တဲ့ဟာကို Scondary တွေ ထပ်ထည့် တာဖြစ်ပါတယ်။ ဒီဟာတွေကလည်း အန္တရာယ်ရှိလား၊ မရှိလားဆိုတာကို ကျွန်တော်တို့က ICOLD ရဲ့ Member တွေပါဖိတ်ကြားပြီးတော့ စစ်ပါတယ်။ ကျွန်တော်တို့လုပ်ထားတဲ့ ရှေ့ကလုပ်ထားတဲ့ အလုပ် တွေနဲ့ နောင်လုပ်မယ့်အလုပ်တွေကို ချိတ်ဆက်နိုင်အောင်လို့အတွက် သူတို့ဆီက Comment တွေယူ ပါတယ်။ နောက်တစ်ခုကတော့ ဂျပန်ဟာ ဒီ Standard JIS ဆိုတာ သိပ်မြင့်ပါတယ်။ ကျွန်တော်တို့ တော်ရုံတန်ရုံ ဒီအရှေ့တောင်အာရှနိုင်ငံတွေက မလိုက်နိုင်ကြပါဘူး။ ဒါ JIS Standard ကိုဆိုမလိုက် နိုင်ဘူး။ မလိုက်နိုင်တော့ ကျွန်တော်တို့က ငှားထားတာကိုက Consultant ကို ငှားထားတာဖြစ်ပါ တယ်။ ဒုတိယ Consultant က ကျွန်တော်တို့အပေါ်မှာ ဒါသေချာသုံးသပ်ပြီးတော့မှ ဖြစ်သင့်ဖြစ် ထိုက်တာ သူတို့ဆိုရင် Earthquake ကို တောက်လျှောက်ခံနေရတဲ့နိုင်ငံဖြစ်ပါတယ်။ Earthquake ပေါ်မှာမူတည်ပြီးမှ ဘယ်လိုတွေကာကွယ်စောင့်ရှောက်မလဲဆိုတာတွေဟာ သူတို့ရဲ့ Standard တွေကမြင့်တယ်။ ဒါပေမယ့် သူတို့ Standard အမြင့်ကြီးကို နေရာတိုင်းကို ယူသုံးသလားဆိုတော့ လည်းပဲ ဒါကတော့ Intensity တွေပေါ်မူတည်ပြီးမှ ယူသုံးရတာဖြစ်ပါတယ်။ ဒါက နောက်တစ် ခေါက်ကျလို့ရှိရင် ပြည့်ပြည့်စုံစုံ ထပ်ပြီးတော့ တင်ပြပါမယ်။ အချိန်လည်းလေးစားသောအားဖြင့်။

နောက်တစ်ခုက စောစောက ရေအရင်းအမြစ်အသုံးချရေးကော်မတီဆိုတာ သမ္မတကြီးက ဖွဲ့ပေးထားတဲ့အဖွဲ့ဆိုတာ ကျွန်တော်တို့ အဲဒီအဖွဲ့တွေမှာ လိုအပ်တဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ အခြေ အနေကို Condition ကို ထိုက်သင့်တဲ့အချိန်ရောက်ရင် ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ ဒါပေမယ့် အခုတိုင်းကို တင်ပြနေစရာလိုသလားဆိုတာတော့ ခုနတုန်းကဟာလေးပေါ့။ ကျွန်တော်တို့ ပဲခူးရိုးမ မှာရှိတဲ့ စီမံကိန်းတွေလုပ်သွားတာ။ ဒီလိုပါပဲ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနက ကျွမ်းကျင် ပညာရှင်တွေနဲ့ Consultant တွေနဲ့လုပ်လာတာပဲ။ ဒါပေမယ့် ဒါတွေဟာ အဲဒီလိုဖြစ်သွားသလား ဆိုတော့လည်းပဲ ဒီလိုနေရာတိုင်းမှာ ဒီလို အန္တရာယ်ရှိတဲ့ဟာက မကြုံတွေ့ရပါဘူး။ သူ့ဒေသမှာ ဘယ်လောက် Safety Factor ထည့်ရမလဲဆိုတာကိုပဲ ကျွန်တော်တို့က ထည့်နိုင်ဖို့ပဲလိုပါတယ်။ အဲဒီ Safety Factor ထည့်ပြီးတော့မှ ဘယ်လိုတမံအမျိုးအစားကိုတည်ရမလဲဆိုတာ ဆုံးဖြတ်နိုင်ဖို့လိုပါ

တယ်။ တမံတိုင်း တမံတိုင်းဟာ တမံလို့ပြောလိုက်ပေမယ့် ကွန်ကရစ်တမံရှိတယ်။ အလယ်က မြေကြီးသားတမံရှိတယ်။ အလယ်မှာ မြေကြီးသားထည့်ပြီးတော့ အပြင်မှာ Rock နဲ့ဖိထားတဲ့ တမံရှိတယ်။ တမံအမျိုးပေါင်း မြောက်မြားစွာရှိပါတယ်။ CFRD လို့ခေါ်တဲ့ Concrete Face Rock fill Dam ဟိုတစ်နေ့ကတုန်းက ကျွန်တော်တို့ သောက်ရေခပ်(၂)စီမံကိန်းဖွင့်သွားတာ မြန်မာနိုင်ငံမှာ ပထမဆုံးစလုပ်တဲ့ Concrete Face Rock fill Dam ဖြစ်ပါတယ်။ စီထရွှမ်ပြည်နယ်မှာဖြစ်တဲ့ Earthquake ကို နမူနာယူပြီးတော့မှ ဒါတရုတ်ပညာရှင်တွေနဲ့ပူးပေါင်းပြီးတော့မှ နိုင်ငံခြားပညာရှင်တွေပူးပေါင်းပြီးမှ ဘယ်လိုတမံမျိုးကိုတည်လို့ရှိရင် Earthquake ကို ခံနိုင်သလဲဆိုတာကို သူတို့ဆီမှာ သုတေသနလုပ်ထားတဲ့ဟာ တည်ထားတဲ့ဟာမှာ အများကြီး Safety Factor ရခဲ့တဲ့ အတွေ့အကြုံတွေပေါ် ရထားတဲ့ တမံအမျိုးအစားကိုပဲ သောက်ရေခပ်(၂)စီမံကိန်းမှာ သုံးတာဖြစ်ပါတယ်။ ဈေးလည်းကြီးပါတယ်။ အဲဒီတော့ တင်ပြချင်တာကတော့ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့ထဲမှာပါတဲ့ အဲဒီအချိန်တစ်ချိန်ကျလို့ရှိရင် ကျွန်တော်တို့တွေလည်း ဆုံးဖြတ်ဖို့လိုလာပြီဆိုတဲ့အခါကျလို့ရှိရင် ဒုတိယသမ္မတဦးဆောင်တဲ့ ကိုယ်စားလှယ်တော်တွေပါတဲ့၊ အဖွဲ့တွေပါတဲ့၊ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ်တွေပါတဲ့အဖွဲ့နှင့် ကျွန်တော်တို့ တင်ပြပါမယ်။ ခုနတုန်းက အပြည်ပြည်ဆိုင်ရာ ဘယ်သူတွေပါသလဲလို့မေးရင်တော့ ကျွန်တော်တို့မှာငှားထားတဲ့ Consultant တွေရှိပါတယ်။ ကျွန်တော်တို့ငှားထားတဲ့ Consultant တွေကလည်း အရမ်းကိုတော်တဲ့ Consultant တွေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အခုတည်ဆောက်ထားတဲ့ ရဲရွာစီမံကိန်းလိုဟာမျိုး၊ ပေါင်းလောင်းစီမံကိန်းလို ဟာမျိုး။

နောက် အထက်ပေါင်းလောင်းလိုဟာမျိုးတွေမှာလည်း သူတို့ရဲ့ လုပ်ရည်ကိုင်ရည်တွေ စမ်းသပ်ပြီးတော့ ကြည့်ရှုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်ကပညာရှင်တွေခေါ်မလဲဆိုရင်တော့ ခုနတုန်းက ICOLD လိုဟာမျိုးတွေ ပုဂ္ဂိုလ်တွေရောက်တဲ့အခါမှာ ကျွန်တော်တို့က အကြံဉာဏ်ယူပါတယ်။ ဆွေးနွေးပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံထဲက ဘယ်ပညာရှင်တွေ ဆွေးနွေးပါသလဲဆိုတဲ့မေးခွန်းလေးတစ်ခုရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မြေငလျင်များကော်မတီ ဆိုတာရှိပါတယ်။ အဲဒီမြေငလျင်ကော်မတီကို ကျွန်တော်တို့ ဆွေးနွေးပါတယ်။ ရန်ကုန်ထိအောင်သွားပြီးတော့မှ ဒီမြေငလျင်ကော်မတီနဲ့ မြေငလျင်ကော်မတီမှာဆိုတာလည်းပဲ ဒါသူတို့က Engineering Geology ရော၊ ရိုးရိုး Geology ရော ပူးပေါင်းပြီးတော့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ သူတို့နဲ့ ကျွန်တော်တို့နှင့်ဆွေးနွေးပြီးခါမှ ဒါတွေဟာ လက်ခံနိုင်တဲ့အဆင့် ရှိတယ်ဆိုတဲ့အခါကျမှပဲ ဒီအလုပ်

ကိုလုပ်တာ ဖြစ်ပါတယ်။ အဲဒါတွေကတော့ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေဖြစ်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ၊ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဦးဖြိုးမင်းသိန်း၊ လှည်းကူးမဲဆန္ဒနယ်က သတင်းမီဒီယာများ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများ အလျင်အမြန်ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှည်းကူးမဲဆန္ဒနယ်က ဦးဖြိုးမင်းသိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးဖြိုးမင်းသိန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ သတင်းမီဒီယာများ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများကို အလျင်အမြန်ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အားကြိုးမာန်တတ်ဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ သတင်းမီဒီယာလွတ်လပ်ခွင့်ဟာ မရှိမဖြစ်လိုအပ်တဲ့အရာတစ်ခုဖြစ်ပါတယ်။ သတင်းလွတ်လပ်ခွင့်အပြည့်အဝရရှိမှသာ အုပ်ချုပ်သူအစိုးရကို ပြည်သူလူထုက ဒီမိုကရေစီနည်းဖြင့် ထိန်းညှိနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူလူထုက အစိုးရကို ထိန်းညှိနိုင်ရေးအတွက် သတင်းမီဒီယာများ

အနေဖြင့် (၁) ပြည်သူလူထုအား လွတ်လပ်စွာသတင်းအချက်အလက်များ တင်ပြနိုင်ရေး၊ (၂) ထိုသို့ ပြည်သူလူထုအား လွတ်လပ်စွာ သတင်းမီဒီယာများမှ တင်ပြနိုင်ရန် သတင်းမီဒီယာသမားများသည် အစိုးရဌာန၊ ရုံး၊ ရဲစခန်း စသည့်အစိုးရအဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များ၊ ပရဟိတလုပ်ငန်းများ နှင့် နိုင်ငံရေးပါတီများထံမှ သိရှိလိုသည့်သတင်းအချက်အလက်များကို လွတ်လပ်အေးချမ်းစွာရယူနိုင်ရေးဟာ မရှိမဖြစ်လိုအပ်တဲ့အချက်များ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သော သတင်းမီဒီယာဥပဒေအခန်း(၂)တွင် ဖော်ပြထားတဲ့ သတင်းမီဒီယာများရဲ့ ရည်ရွယ်ချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်လို့ ဖော်ပြထားပါတယ်။ တည်ဆဲသတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားများလိုက်နာရမယ့်ကျင့်ဝတ်နှင့် ရပိုင်ခွင့်များကိုလည်း အခန်း(၃)နှင့် အခန်း(၄)တွေမှာ တိတိကျကျဖော်ပြထားတာကို တွေ့နိုင်ပါတယ်။ သတင်းမီဒီယာဥပဒေကို အတည်ပြုပြဋ္ဌာန်းရခြင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင် သတင်းမီဒီယာသမားများရဲ့ မွေးရာပါအခွင့်အရေးများဖြစ်ကြတဲ့ သတင်းရယူပိုင်ခွင့်နဲ့ ပြည်သူလူထုကို လွတ်လပ်စွာသတင်း ထုတ်ဝေဖြန့်ချိခွင့်ကို ဥပဒေနှင့်အညီ အပ်နှင်းထားတယ်လို့ဆိုနိုင်သလို သတင်းမီဒီယာများစောင့်ထိန်းရမယ့်ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း ဥပဒေနှင့်အညီ ပြဋ္ဌာန်းကြပ်မတ်သွားမယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ အတိုချုပ်ပြောရမယ်ဆိုရင်တော့ သတင်းမီဒီယာသမားများဟာ သတင်းနည်းပညာနဲ့ ပြည်သူလူထုကို အကျိုးပြုနေသလား။ ဒါမှမဟုတ် သတင်းနည်းပညာကို အသုံးချပြီး ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးနေသလားဆိုတာကို သတင်းမီဒီယာဥပဒေနှင့်သာ ချိန်ထိုးဆုံးဖြတ်သင့်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ သတင်းမီဒီယာဥပဒေနှင့်အတူ လွတ်လပ်သော စာနယ်ဇင်းကောင်စီတစ်ရပ်ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ စာနယ်ဇင်းကောင်စီဟာ သတင်းမီဒီယာများရဲ့ လွတ်လပ်စွာရွေးချယ်တင်မြှောက်မှုနဲ့ ပေါ်ပေါက်လာတဲ့ စာနယ်ဇင်းကောင်စီဖြစ်သင့်ပါတယ်။ စာနယ်ဇင်းကောင်စီဟာ သတင်းမီဒီယာသမားများ ပါဝင်တဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်မယ်ဆိုရင် တည်ဆဲအစိုးရရဲ့ သတင်းလွတ်လပ်ခွင့်များအပေါ်မှာ စံနှုန်းတစ်ခုဖြစ်လာနိုင်ပါလိမ့်မယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးက တိုင်းပြည်တစ်ခုမှာ တည်ရှိနေတဲ့ ဒီမိုကရေစီစံနှုန်းကို အကဲဖြတ်ရာမှာ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဘယ်လောက်အလေးအနက်ထားလဲဆိုတဲ့ အချက်ပေါ်မှာမူတည်ပြီး အကဲဖြတ်ကြတာကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာကိုလည်း သတင်းလွတ်လပ်ခွင့်ကို ဘယ်လောက်အလေးထားဆောင်ရွက်နေတယ်ဆိုတဲ့အချက်ပေါ်မှာ မူတည်ပြီး ဂုဏ်သိက္ခာရှိ/မရှိ အကဲဖြတ်နေတဲ့ခေတ်ကြီးလည်းဖြစ်ပါတယ်။ အခုလိုသတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် မြန်မာနိုင်ငံအနေနဲ့ အပြင်းအထန်ကြိုးပမ်းအားထုတ်နေတဲ့အချိန်မှာ သတင်းမီဒီယာသမားများကို ပြစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိနဲ့ နှိပ်ကွပ်နေတဲ့သတင်းများ ထွက်ပေါ်လာတာဟာ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို များစွာကျဆင်းစေပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းပြုပြည်ပြုခေါင်းဆောင်များရဲ့ ကိုယ်ကျင့်ဂုဏ်သိက္ခာကိုလည်း ထိပါးယုတ်လျော့စေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သတင်းမီဒီယာသမားများကို ရည်ရွယ်ချက်ရှိရှိနဲ့ ပြစ်မှတ်ထားနှိပ်ကွပ်နေတဲ့ အထင်အရှားဥပမာကို တင်ပြရမယ်ဆိုရင် ပထမဦးစွာ သတင်းလွတ်လပ်စွာရယူခွင့်နှင့် ပတ်သက်ပြီး အသက်ဆုံးရှုံးခဲ့ရတဲ့ သတင်းထောက် ကိုပါကြီးအမှုဟာ သတင်းမီဒီယာလောကကို ထိတ်လန့်စေခဲ့တဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ Eleven Media Group အား ပြန်ကြားရေးဝန်ကြီးဌာနက တရားစွဲဆိုတဲ့အမှုဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံခြားကဝယ်ယူတဲ့ပုံနှိပ်စက်ရဲ့ဈေးနှုန်းများနှင့် ပတ်သက်ပြီး သတင်းရေးသားမှုမှာ လက်ရှိပေါက်ဈေးနှုန်းနဲ့ အဆမတန်ကွာဟမှု၊ ပြည်သူ့ဘဏ္ဍာငွေအလေအလွင့်ဖြစ်မှုတွေကို သတင်းလွတ်လပ်ခွင့်အရ ဖော်ထုတ်ရေးသားမှုကို အကြောင်းပြုပြီး Eleven Media Group အား ပြန်ကြားရေးဝန်ကြီးဌာနက ပုဒ်မ ၅၀၀ နဲ့ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါတယ်။ တရားစွဲဆိုမယ်ဆိုရင်လည်း သတင်းမီဒီယာဥပဒေနှင့်အညီပဲဖြစ်သင့်ပါတယ်။ ဒီဖြစ်ရပ်များဟာလည်း အများပြည်သူအကျိုးအတွက် လွတ်လပ်စွာသတင်းရေးသားဖြန့်ချိမှုကို ခြိမ်းခြောက်ခံနေရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့ထုတ် Unity Journal မှာဖော်ပြခဲ့တဲ့ ပေါက်မြို့နယ် လျှို့ဝှက်ဓာတုလက်နက်စက်ရုံသတင်းကိစ္စပဲဖြစ်ပါတယ်။ အဆိုပါသတင်းဖော်ပြပါရှိတဲ့အတွက် ပခုက္ကူခရိုင်တရားရုံးက Unity Journal အမှုဆောင် အယ်ဒီတာချုပ်အပါအဝင် သတင်းထောက်ငါးဦးကို လျှို့ဝှက်အက်ဥပဒေ ၃၁(က/ဂ)ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ သတင်းမီဒီယာသမားများ ဖော်ပြခဲ့တဲ့

စက်ရုံအား နိုင်ငံတော်ရဲ့လျှို့ဝှက်စက်ရုံတစ်ခုဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားတဲ့ အထောက်အထားတစ်စုံတရာမှ မရှိပါဘူး။ ဒါပေမယ့် သတင်းမီဒီယာသမားများကို လျှို့ဝှက်အက်ဥပဒေနဲ့ တရားစွဲဆိုထောင်ချခဲ့ပါတယ်။ ဒီလိုဖြစ်စဉ်တွေနှင့်အတူ အခြားဖြစ်စဉ်တွေနဲ့လည်း သတင်းမီဒီယာသမားများကို ဥပဒေပုဒ်မများတပ်ပြီး တရားစွဲဆိုနေတာတွေ အများသိရှိပြီးဖြစ်ပါတယ်။ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ဖြစ်စဉ်များမှာပါဝင်ခဲ့တဲ့ သတင်းမီဒီယာသမားများဟာ သတင်းမီဒီယာဥပဒေပါ အခန်း(၃) နိုင်ငံသားတိုင်းသိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်အား ကျင့်သုံးခဲ့ခြင်းသာဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေအခန်း(၄)မှာ ပြဋ္ဌာန်းထားတဲ့တာဝန်နှင့် ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်တဲ့ အထောက်အထားတစ်စုံတရာမရှိပါဘူး။ ဒါဟာလည်း သတင်းလွတ်လပ်ခွင့်ကသာ စနစ်တကျ ချိုးဖောက်ကျူးလွန်ခံနေရသလားဆိုတာကို လေ့လာရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတင်းမီဒီယာဥပဒေဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဥပဒေပြုမဏ္ဍိုင်ကဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ထိုဥပဒေပါ အခန်း(၂) ရည်ရွယ်ချက်များ ခေါင်းစဉ်အောက်မှာ ပုဒ်မ ၃ ပုဒ်မခွဲ(စ)မှာ သတင်းမီဒီယာတစ်ခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏တိုင်ကြားချက်၊ အငြင်းပွားချက်တွေကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းနဲ့ ကျေအေးပြေငြိမ်းစေရန် လိုပါတယ်လို့ပါဝင်သော်လည်း သတင်းမီဒီယာသမားများကို တစ်ဖက်သတ်ပုဒ်မအမျိုးမျိုးတပ်ပြီး တရားစွဲဆိုနေခြင်း၊ ထောင်ချနေခြင်းဟာ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ပြည်ထောင်စုလွှတ်တော်နှင့် သမ္မတကြီးအား မထီမဲ့မြင်ပြုနေသလိုဖြစ်နေပါတယ်။ မီဒီယာသမားများကို ပြစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိနဲ့ နှိပ်စက်ညှဉ်းပန်းကြောင်း သိသာထင်ရှားစေတဲ့ဖြစ်စဉ်များ ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာက ကမ္ဘာ့အလယ်မှာများစွာကျဆင်းစေခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်ခွင့်ကိုထိပါးပြီး ဂုဏ်သိက္ခာရုတ်လျော့ကျဆင်းစေတဲ့ အပြုအမူများဟာ သတင်းမီဒီယာသမားများကို အကွက်ဆင်ဒုက္ခပေးနေတဲ့ ဖြစ်စဉ်အဆင့်သာမဟုတ်ဘဲ သတင်းမီဒီယာဥပဒေပါအခန်း(၃) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို ချိုးဖောက်နေတဲ့အပြုအမူများကိုလည်း တွေ့မြင်နေရပါတယ်။ အခန်း(၃) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များခေါင်းစဉ်အောက်မှာ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)တွင် သက်ဆိုင်ရာဌာနအဖွဲ့

အစည်းများက သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ အစိုးရရုံးဌာနအဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်၊ ဝင်/ထွက်သွားလာခွင့်တို့ကို ဖော်ပြထားတဲ့အပြင် ပုဒ်မ ၆ ပုဒ်မခွဲ(က)တွင်လည်း ဥပဒေတစ်ရပ်ရပ်အရ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအရ အဆင့်အတန်းသတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်မှအပ အများပြည်သူသိရှိခွင့်ရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိတယ်လို့ အတိအလင်းဖော်ပြထားပါတယ်။ ယခုကာလမှာ သတင်းမီဒီယာသမားများဟာ မိမိတို့ရဲ့တာဝန်တစ်ရပ်ရပ်ဖြင့် အများပြည်သူသို့ သတင်းများတင်ပြရေးသားနိုင်ဖို့အတွက် ဆောင်ရွက်တဲ့နေရာမှာ အစိုးရဝန်ကြီးဌာနများ၊ ရဲစခန်းများစတဲ့ အဖွဲ့အစည်းများနဲ့ သက်ဆိုင်တဲ့နေရာဒေသများကို သွားရောက်သတင်းယူတဲ့နေရာမှာ မချေမငံဆက်ဆံခံရခြင်း၊ နေရာထိုင်ခင်းမပေးခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ မောင်းထုတ်ခံရခြင်း၊ တားမြစ်ခံရခြင်းများကို တွေ့ကြုံနေရတယ်လို့ သိရှိရပါတယ်။ ဒီလိုအချက်အလက်တွေကြောင့် နိုင်ငံတကာအလယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်ခွင့်၊ သတင်းရယူခွင့်နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာကျဆင်းမှာကို အထူးပဲစိုးရိမ်မိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဟာလည်း အဆိုပါသတင်းမီဒီယာများအပေါ် ချိုးဖောက်နှောင့်ယှက်နေမှုအပြုအမူများကြောင့် ဂုဏ်သိက္ခာကင်းမဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများ ဖြစ်သွားမှာကို အထူးစိုးရိမ်မိပါတယ်။ သတင်းမီဒီယာသမားများ သိရှိလိုသော သတင်းအချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှာရှိတဲ့ ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်များရဲ့အမည်တွေ၊ ဖုန်းနံပါတ်တွေကို ထုတ်ပြန်ထားပေမယ့် ပြည်သူလူထု သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို တိကျသေချာစွာဖော်ထုတ်ရေးသားနိုင်ဖို့ ဖုန်းဆက်မေးမြန်းတဲ့အချိန်မှာ ဖုန်းနံပါတ်များမမှန်ကန်ခြင်း၊ ဖုန်းကိုမဖြေကြားခြင်းများကိုလည်း သိရှိနေရပါတယ်။ အဆိုပါကိစ္စရပ်များကို နိုင်ငံတကာမှာရှိတဲ့ လူအများယုံကြည်လေးစားတဲ့ သတင်းစာကြီးများ၊ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များက တယ်လီဖုန်းနှင့်တစ်ဆင့် ဆက်သွယ်မေးမြန်းလာတဲ့အချိန်မှာ ကြုံကြိုက်သွားခဲ့ရင် မြန်မာနိုင်ငံအစိုးရရဲ့ သတင်းလွတ်လပ်ခွင့်အပေါ်မှာ ထားရှိတဲ့သဘောထားကို နိုင်ငံတကာမှသိရှိသွားပြီး တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ရန်အကျိုးငှာ ကမ္ဘာ့အလယ်တွင် သတင်းလွတ်လပ်ခွင့်ကို လေးစားသော တိုင်းပြည်တစ်ခုအဖြစ်

တင့်တယ်စွာရပ်တည်နိုင်စေရန်၊ သတင်းမီဒီယာများ လွတ်လပ်စွာလှုပ်ရှားနိုင်ပြီး သတင်းမီဒီယာများ အနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်ဆောင်ရွက်နိုင်မယ်ဆိုရင် တိုင်းပြည်ရဲ့ဂုဏ်သိက္ခာတွေ ယုတ်လျော့မှု၊ ကျဆင်းစေမှုများကို ပပျောက်သွားနိုင်စေပါတယ်။ ဒါကြောင့် သတင်းမီဒီယာတွေ လွတ်လပ်စွာလှုပ်ရှားနိုင်ရန် သတင်းမီဒီယာများအနေဖြင့်လည်း တာဝန်ယူ၊ တာဝန်ခံမှုဖြင့် ဆောင်ရွက် နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများကို လျင်မြန်စွာပြုလုပ်ပေးပါ ရန်အဆိုကို ပြည်သူ့လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ငံလင်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သတင်းမီဒီယာတွေ လွတ်လပ်စွာလှုပ်ရှား ဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာများအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအဖြစ် ဆောင်ရွက် နိုင်ဖို့ဆိုတာ ဖြေလျော့မှုတွေလုပ်ပေးရုံသက်သက်နဲ့ မလုံလောက်ဘူးလို့မြင်ပါတယ်။ တကယ်ဆို လွတ်လပ်ပြီး အမှီအခိုကင်းတဲ့မီဒီယာ အဝန်းအဝိုင်းတစ်ခုဖြစ်လာဖို့ဆိုတာ အာမခံချက်တွေရှိဖို့လို အပ်ပါတယ်။ ဒီလိုမဟုတ်ဘဲ မီဒီယာတွေကို သတင်းရယူတဲ့နေရာမှာရော၊ သတင်းထုတ်ပြန်တဲ့ကိစ္စ တွေမှာပါ အရေးယူဟန့်တားမှုတွေရှိနေတယ်လို့ ကျွန်တော်တို့ အဆိုရှင်ကလည်း တင်ပြသွားပါတယ်။ ဒါဟာ ဒီမိုကရေစီအခွင့်အရေးတွေထဲက အရေးကြီးဆုံး အခွင့်အရေးတွေဖြစ်တဲ့ Freedom of Speech၊ Freedom of Exception၊ Freedom of Press ဆိုတာကို အလေးမထားတဲ့ပုံစံတွေ တွေ့ရပါတယ်။ ဒီအခွင့်အရေးတွေကို အခုလိုပြုပြင်ပြောင်းလဲရေးကာလမှာ အထူးအလေးထားဖို့ လိုအပ်တယ်လို့ အကြံပြုချင်ပါတယ်။ ပြီးတော့ သတင်းမီဒီယာများ လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့နဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်နိုင်ဖို့ဆိုတာ ဥပဒေအရဖွဲ့စည်းအပ်တဲ့ စာနယ်ဇင်း ကောင်စီကသာ ညှိနှိုင်းဖြေရှင်းရမယ့်ကိစ္စဖြစ်တယ်လို့ ယူဆတဲ့အတွက် ဦးဖြိုးမင်းသိန်း၏အဆိုအား လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းတင်ပြဖို့ဖြစ်ပါ တယ်။

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းရဲ့အဆိုနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)အရ နိုင်ငံသားတိုင်းသည် ပြဋ္ဌာန်းထားသည့်ဥပဒေများနဲ့ မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက်အရ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ကို အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးသဖြင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကြိုတင်စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့လို့ ထုတ်ဝေစာအားလုံး လွတ်လပ်စွာ ထုတ်ဝေနိုင်ကြပြီဖြစ်ပါတယ်။ ယခင်ဆယ်စုနှစ်များစွာက ခွင့်မပြုခဲ့တဲ့ ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကိုလည်းခွင့်ပြုပေးပြီးဖြစ်ပါတယ်။

ဒါ့အပြင် အခြားထုတ်ဝေခွင့်များကိုလည်း အလွယ်တကူရရှိအောင် စီမံခွင့်ပြုပေးလျက် ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ဂျာနယ် ၃၉၆ စောင်၊ မဂ္ဂဇင်း ၃၂၄ စောင်၊ အထွေထွေထုတ်ဝေခွင့် ၉၃၆ စောင်နဲ့ ပုဂ္ဂလိကသတင်းစာ ၂၇ စောင်ကို ထုတ်ဝေခွင့်ပြုပြီးဖြစ်ပါတယ်။ ၎င်းတို့အနက် ဂျာနယ် ၂၂၀ စောင်၊ မဂ္ဂဇင်း ၁၂၈ စောင်နှင့် ပုဂ္ဂလိကသတင်းစာ ၁၂ စောင် လက်ရှိထုတ်ဝေလျက်ရှိပါတယ်။ တချို့သောထုတ်ဝေစာများမှာ တိုင်းရင်းသားဘာသာစကားများဖြစ်တဲ့ ရှမ်း၊ မွန်၊ ချင်း၊ ကချင်၊ ကရင် စတဲ့ဘာသာစကားများနဲ့ ထုတ်ဝေလျက်ရှိပြီး တချို့ ထုတ်ဝေစာတွေမှာ ဂျပန်၊ အင်္ဂလိပ် စတဲ့နိုင်ငံခြားဘာသာနဲ့ ထုတ်ဝေလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်များ ရလာတဲ့အတွက် မြန်မာနိုင်ငံရဲ့သတင်းလွတ်လပ်မှုအဆင့်ဟာ ယခင်ကာလများထက် မြင့်မားတိုးတက်လာတာကို အားလုံးအသိပဲဖြစ်ပါတယ်။ နိုင်ငံတော်မှာ သတင်းမီဒီယာလွတ်လပ်ခွင့် ရလာတာနှင့်အမျှ တစ်ဖက်ကလည်း တာဝန်သိမှု၊ တာဝန်ခံမှုများ လိုက်ပါတိုးတက်ရန် လိုအပ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ အရ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာထုတ်ဖော်ခွင့်တို့အတွက် ပို၍မြင့်မားတဲ့စံနှုန်းတွေ အလိုရှိတာဟာ

လည်းသဘာဝကျပါတယ်။ သို့သော်လည်း လွတ်လပ်စွာထုတ်ဝေခွင့်ကို စည်းမဲ့ကမ်းမဲ့ ကိုယ်လိုရာ အသုံးပြုလို့ မသင့်တော်ကြောင်း တင်ပြအပ်ပါတယ်။ ကမ္ဘာ့လူအခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ မှာ မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသောလိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများ ပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးရန်အလို့ငှာ လည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည် လို့ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့အားလုံး လေးစားလိုက်နာဖို့လိုအပ်ကြောင်း တင်ပြအပ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီထူထောင်ရာမှာ တန်းတူညီမျှမှုဟာ အခြေခံလိုအပ်ချက်ဖြစ်သလို သတင်း မီဒီယာသမား များအနေနဲ့လည်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ကို သတိနှင့်ယှဉ်ပြီး ကျင့်သုံး တဲ့ ဂုဏ်သိက္ခာရှိတဲ့မီဒီယာများအဖြစ် ရပ်တည်ရန်လိုအပ်တဲ့အပြင် ဥပဒေကိုလေးစားလိုက်နာရန် လိုအပ်ပါတယ်။ သတင်းလွတ်လပ်ခွင့်နဲ့ စာနယ်ဇင်းအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီရဲ့ ကျင့်ဝတ်ဆိုင်ရာဖြေရှင်းရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင် ရေး၊ အစိုးရဝန်ကြီးဌာနများရဲ့ သတင်းထုတ်ပြန်ရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင် ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ စာနယ်ဇင်းကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျင့်ဝတ်ဆိုင်ရာပြဿနာများ ပေါ်ပေါက်လာပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် ဦးစွာ ညှိနှိုင်းဆောင်ရွက်ပါတယ်။ ညှိနှိုင်း၍မရမှသာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ပါတယ်။ မီဒီယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အမေရိကန်၊ ဂျာမနီ၊ စင်ကာပူ၊ ယူနက်စကိုတို့နဲ့ပူးပေါင်းပြီး မီဒီယာသင်တန်း ၂၄ ကြိမ် ပို့ချဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်မှစပြီး ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များ ပူးပေါင်းပြီး Media Development Conference ကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်သစ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ဘရူနိုင်း အစရှိတဲ့နိုင်ငံများနှင့်လည်း နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ BBC Media Action, International Media Support (IMS), UNESCO, Shanti Volunteer အစရှိတဲ့အဖွဲ့အစည်း

များနဲ့လည်း နားလည်မှုစာချွန်လွှာတွေ ရေးထိုးပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ထိရှလွယ် ပဋိပက္ခဆိုင်ရာစာနယ်ဇင်းပညာသင်တန်းကို International Media Support(IMS) က ၂၀၁၂ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်း အကြိမ် ၂၀ သင်တန်းပေးပြီးဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး(၃)ရပ်နဲ့ မီဒီယာအကြား သတင်းဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်အတွက်လည်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သတင်းမီဒီယာသမားများအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဥပဒေနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန်အတွက်လည်း သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၁၂) နဲ့ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ သတင်းမီဒီယာသမားများရဲ့ ရပိုင်ခွင့်နှင့် ပတ်သက်၍လည်း သတင်းမီဒီယာဥပဒေအခန်း(၃)မှာ ဖော်ပြပြဋ္ဌာန်းပြီး ပြဋ္ဌာန်းချက်နှင့်အညီ သတင်း ရယူခွင့်များ ခွင့်ပြုပြီးဖြစ်ပါတယ်။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ(ယာယီ)တို့ ပူးပေါင်းပြီး သတင်းမီဒီယာနည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိ ပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုဝန်ကြီးဌာနများမှ သတင်းများကို ပုဂ္ဂလိက သတင်းစာများနဲ့ ဂျာနယ်တိုက်များ အလွယ်တကူအသုံးပြုခွင့် ရရှိနိုင်ဖို့အတွက် အဆိုပါဌာနများရဲ့ သတင်းများကို ပြန်ကြားရေးဝန်ကြီးဌာန အွန်လိုင်းက အချိန်နှင့်တစ်ပြေးညီ နေ့စဉ်ဖြန့်ဝေပေးလျက် ရှိပါတယ်။ ခုနက ကျွန်တော် အထက်မှာတင်ပြခဲ့တာတွေဟာ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရက အထူးအလေးထားဖြည့်ဆည်းဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းများဖြစ် ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခု အဆိုပါသတင်းမီဒီယာများ အရေးယူခံရမှုကိစ္စရပ်များဟာ နည်းဥပဒေ အသင့်မဖြစ်သေးတဲ့အချိန် ကာလမှာ ဖြစ်နေတဲ့အခြေအနေကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ခုနက တင်ပြခဲ့တဲ့ ဦးဖြိုးမင်းသိန်း ရဲ့အဆိုမှာ စာနယ်ဇင်းကောင်စီနဲ့မဆက်သွယ်ဘဲနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက တိုက်ရိုက် ဆောင်ရွက် ခြင်းမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ သတင်းစာရှင်းလင်းပွဲမှာလည်းပဲ ဒီလို ကျွန်တော်တို့ ဥပဒေနဲ့ ဆောင်ရွက်ခြင်းဟာ ပထမဆုံး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နဲ့ တွေ့ဆုံပြီးတော့မှ ပြေပြေ လည်လည်ညှိနှိုင်းဖြေရှင်းဖို့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ နှစ်ကြိမ်တိုင်တိုင် ကြိုးစားဆောင်ရွက်ခဲ့ သော်လည်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ရဲ့ ညှိနှိုင်းမှုကို လက်မခံတဲ့အတွက် မဖြစ်သာတဲ့

အဆုံး ကျွန်တော်တို့ ဥပဒေကြောင်းအရ တရားရုံးမှာ ဖြေရှင်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကလည်းပဲ ကျွန်တော်တို့မှာ အထောက်အထားအပြည့်အစုံနဲ့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခု တင်ပြချင်တာက ကျွန်တော်တို့ဆွေးနွေးတင်ပြချက်များသည် တစ်ဖက်အဖွဲ့အစည်း၊ တစ်ဖက်ဌာနများ ရဲ့ပြောကြားချက်ကိုသာ ကျွန်တော်တို့ မရှုမြင်၊ မကြားနာ၊ မဖတ်ရှုဘဲနဲ့ အခြားဌာနရဲ့တင်ပြချက်၊ ရေးသားချက်၊ ပြောဆိုချက်များကိုလည်း နှိုင်းယှဉ်ချင့်ချိန်ပြီးတော့မှသာလျှင် ဒီစကား၊ ဒီအဆို၊ ဒီစကား ဟာ ပြောသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အထူးတင်ပြအပ်ပါတယ်။ သတင်းမီဒီယာသမားများ ဘက်ကလည်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်ထားရှိပြီးဖြစ်တဲ့ သတင်းမီဒီယာ ကျင့်ဝတ်များနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြမယ်ဆိုရင် တရားစွဲဆိုခံရခြင်းမရှိနိုင် ကြောင်းတင်ပြအပ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို သတင်းမီဒီယာများ အနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပြည်ထောင်စုအစိုးရဖက်ကလည်း စာနယ်ဇင်းဥပဒေများနှင့်အညီ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် ပူးပေါင်းပြီး ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းရဲ့အဆိုနှင့်ပတ်သက်ပြီး မှတ်တမ်းတင်ထားရှိသင့် ကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးဖြိုးမင်းသိန်း သဘောထားပြန်လည်ဆွေးနွေးပြောကြားပေးပါ။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ဝန်ကြီးရဲ့ ဖြေရှင်းချက်များဟာ ဒီဝန်ကြီးဌာနဖက်က အမြင်သက်သက်ပဲဖြစ်နေပါတယ်။ ဝန်ကြီး အခုနက ဆွေးနွေးသလို နှစ်ဖက်အမြင်ကို ရှုမြင်ဖို့လိုအပ်တယ်ဆိုတာ ကျွန်တော် လက်ခံပါ တယ်။ ဝန်ကြီးအနေနဲ့လည်း နောက်နောင်မှာ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်မယ့်ကိစ္စရပ် များကို နှစ်ဖက်ရှုမြင်မှုနဲ့ ဆောင်ရွက်ဖို့လိုအပ်မယ်လို့ ပြောလိုပါတယ်။ အခု ကျွန်တော် ဒီအဆိုနှင့် ပတ်သက်ပြီး ကျွန်တော် ပြောလိုတာက ကျွန်တော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကာလကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများအနက် သတင်းမီဒီယာ စောင့်ကြည့်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းများအကြားမှာ ကျွန်တော်တို့ ဂုဏ်သိက္ခာအလွန်မဲ့နေပါ တယ်။ ကျွန်တော်တို့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့မူဝါဒတွေကိုချနိုင်ဖို့ ပြည်သူ့လွှတ်တော်ကြီးက ကြိုးစားနေပါတယ်။ မဏ္ဍိုင်ကြီးသုံးရပ်ကလည်း ကြိုးစားနေပါတယ်။ သမ္မတကြီးကလည်း ဒီဥပဒေ

တွေကို လက်မှတ်ရေးထိုးပြီး အတည်ပြုပြဋ္ဌာန်းနေပါတယ်။ ဒါပေမယ့် ဌာနတွေက လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ ဒါဟာ တရားဥပဒေစိုးမိုးမှုအတွက် အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ အဆိုတွေကိုတင်ပြီး တိုက်တွန်းနေရတဲ့ရည်ရွယ်ချက်ကတော့ ဝန်ကြီးဌာနတွေက ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြဖို့အတွက် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဒီတိုက်တွန်းရမယ့်တာဝန်ဟာ ကျွန်တော်တို့လွှတ်တော်တွေမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်ကြီးဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စတုတ္ထမဏ္ဍိုင်ကြီး ကြံ့ခိုင်နိုင်ဖို့အတွက် တည့်မတ်တဲ့အခြေအနေတွေကို ဒီအသွင်ကူးပြောင်းရေးကာလမှာ တာဝန်ရှိတယ်လို့ ယူဆတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒီအဆိုကို တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့လွှတ်တော်ကြီးဟာလည်း စတုတ္ထမဏ္ဍိုင်တည့်မတ်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရဲ့ ဝန်ကြီးဌာနများ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ဖို့အတွက် တိုက်တွန်းသွားနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီအတွက်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူပါမယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖြိုးမင်းသိန်း၊ လှည်းကူးမဲဆန္ဒနယ်က သတင်းမီဒီယာများ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများ အလျင်အမြန်ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ စက်ခလုတ် မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေး ပါ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ၅၁ မဲ၊ ကန့်ကွက်မဲ ၂၁၇ မဲ၊ ကြားနေမဲ ၁၈ မဲ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးဖြိုးမင်းသိန်း တင်သွင်းတဲ့ သတင်းမီဒီယာများ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်နှင့် သတင်းမီဒီယာအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေနှင့်အညီ ဆောင်ရွက်မှုများ အလျင်အမြန်ပြုလုပ်ပေးပါရန် တိုက်တွန်းကြောင်းအဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

# အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော လယ်ယာထွက်ကုန် ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့(၂၉-၁-၂၀၁၅) ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက် မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၉-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကို ၁၁း၂၅ နာရီ အချိန်တွင် ရပ်နားပါသည်။]